
ကဗျာဆရာ
တင်မိုး
မြန်မာကဗျာဖွဲ့နည်း
Design : AUNG HTET 2011

စာအုပ်မှတ်တမ်း

မိုးမခ စာစဉ် အမှတ် (၂၁)

စာအုပ်အမည်
မြန်မာကဗျာဖွဲ့ နည်း – ကျမ်းပြီးနှစ် (၁၉၈၅)

ပြုစုသူ
ကဗျာဆရာ တင်မိုး

မူပိုင်
တင်မိုး မိသားစု

စီစဉ် ထုတ်ဝေ
မိုးမခ မီဒီယာ စာနယ်ဇင်းအဖွဲ့

ထုတ်ဝေနှစ်
ဩဂုတ်လ၊ ၂၀၁၁ ခုနှစ်

အုပ်ရေ
–

တန်ဖိုး
–

မျက်နှာဖုံး
အောင်ထက်

စာစီစာရိုက်နှင့် စာမျက်နှာဖွဲ့စည်းမှု
ကိုဦး + မသန္တာ

ဆက်သွယ်ရန်
contact@moemaka.org
Moemaka, PO Box 320-207, San Francisco CA 94132-0207, USA
Phone: (510) 854 - 6501

# မြန်မာကဗျာဖွဲ့နည်း

ကဗျာဆရာ တင်မိုး

# ဆရာ မောင်စွမ်းရည်ရဲ့ အမှာစာ

သူငယ်ချင်း ကဗျာဆရာ တင်မိုး ပြုစုရေးသားတဲ့ 'မြန်မာကဗျာဖွဲ့နည်း' အမည်ရှိစာအုပ်ကလေးကို ၁၉၈၅၊ ဒီဇင်ဘာက ပထမအကြိမ် ပုံနှိပ်ခဲ့ဖူးတယ်။ အုပ်ရေ တသိန်း (၁၀၀၀၀၀) တိတိ ရိုက်တယ်။ ဒါပေမယ့် လုံးဝ မဖြန့်ချိလိုက်ရဘဲ ဖျက်ဆီးပစ်ခဲ့ရတယ်။ နှမြောစရာပါပဲ။ ဝမ်းနည်းစရာပါပဲ။

ဖြစ်ပုံက ဒီလိုပါ။ ဒီစာအုပ်ကလေးကို အခြေခံပညာအထက်တန်း စိတ်ကြိုက် မြန်မာစာ ယူတဲ့ ကျောင်းသားများ အသုံးပြုဖို့ ရေးသားပြုစုခဲ့တာပါ။ ကျောင်းသုံးစာအုပ်ဖြစ်ပေမယ့် ကျောင်းမှာ မသုံးလိုက်ရဘူး။ ကျောင်းပြင်ပမှာလည်း မသုံးလိုက်ရတော့ပါဘူး။ ဖျက်ဆီးပစ်ခဲ့တာကိုး။

ပညာရေးဆိုတာ လွယ်တာမှ မဟုတ်တာ။ ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေကို ခေတ်နဲ့အညီ စနစ်တကျ ရေးဆွဲချမှတ် လုပ်ရတာမျိုးပါ။ ခုချက်ချင်း ထလုပ်ပြီး ခုတမျိုး တော်ကြာတမျိုး ပြောင်းလို့ ရစကောင်းတာမှ မဟုတ်ဘဲကလား။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေါ် တပါတီအာဏာရှင်စနစ်ကို မိုးတလုံး လေတလုံး ကြေညာထူထောင်ပြီး ဗိုလ်နေဝင်း အုပ်ချုပ်ခဲ့တာ နှစ်အစိတ်လောက် ကြာခဲ့ပါတယ်။ သူတို့ အာဏာယူစကာလမှာပဲ မဆလ လမ်းစဉ်နဲ့အညီ 'ပညာရေး စနစ်သစ်' ဆိုပြီး ချမှတ် ဖော်ဆောင်စေခဲ့တယ်။ ပညာရေးကို နားမလည်ပေမယ့် အရင်ကနဲ့မတူရင်ပြီးရော ဆိုပြီး အသစ်တခုကို ထလုပ်လိုက်တာပါပဲ။ သိပ်မကြာလိုက်ဘူး။ 'ပညာရေးစနစ်သစ်ရဲ့ အစီအစဉ်သစ်' ဆိုပြီး ထပ်လုပ်ပြန်တယ်။ မူတွေဘာတွေ ဟန်ဆောင်ပန်ဆောင် ချမှတ်ခဲ့ပါတယ်။ ၁၀ တန်းနဲ့ မဖြစ်ဘူး။ ပညာရေးအဆင့်အတန်းကို မြှင့်တဲ့အနေနဲ့ ၁၁ တန်းပဲ လုပ်တော့မလိုလို၊ ၁၂ တန်းပဲ ရှေ့တိုး နောက်ငင် လုပ်လိုက်ပြန်ပါသေးတယ်။ ပညာရေးဝန်ကြီးဆိုပြီး ခန့်ချလိုက်တာကလည်း ဗိုလ်မှူးကြီးတယောက်ပါပဲ။ ဦးကျော်ငြိမ်း တဲ့။ (မကျော်ခင်ငြိမ်းသွားခဲ့ရှာပါတယ်။)

အခြေခံပညာ ဦးစီးဌာနအောက်မှာ သင်ရိုးနဲ့ ကျောင်းသုံးစာအုပ်ကော်မီတီဆိုတာ ရှိတယ်။ အဲဒီကော်မီတီမှာ ဘာသာရပ်တခုစီအတွက် သင်ရိုးအဖွဲ့တွေ ဖွဲ့ကြရပြန်တော့ သမိုင်းသင်ရိုးအဖွဲ့၊ မြန်မာစာသင်ရိုးအဖွဲ့ စသဖြင့် အဖွဲ့လေးတွေ ပါဝင်လာပါတယ်။ ကျနော်က အစတော့ သမိုင်းသင်ရိုးအဖွဲ့မှာ ဒေါက်တာသန်းထွန်းရဲ့တပည့်တဦးအနေနဲ့ ပါလာခဲ့တယ်။ နောက်မှ မြန်မာစာသင်ရိုးအဖွဲ့ဝင်ဖြစ်လာတယ်။ နောက်တော့ မြန်မာစာသင်ရိုးအဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်လာခဲ့တယ်။ အဖွဲ့ဥက္ကဋ္ဌတွေကတော့ ကျနော်တို့ မန္တလေး တက္ကသိုလ်မှာတုန်းက ဆရာတွေဖြစ်ခဲ့ကြတဲ့ ဦးဘိုသင်းတို့၊ ဒေါ်စီစီဝင်းတို့ပါပဲ။ ဆရာတပည့်ရင်းတွေဖြစ်လို့ အချင်းချင်း ယုံကြည်အားထားမှုနဲ့ ဝင်လုပ်ကြရမှာ တင်မိုးနဲ့ မောင်စွမ်းရည်တို့လည်း ပါလာခဲ့ပါတယ်။ ကျောင်းသုံးစာအုပ်ဆိုတာတွေကို အရင်က ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့ လုပ်ခဲ့ကြတာ မဟုတ်လား။ ကျနော်တို့က ဆရာတို့အလုပ်ကို မွေခံတဲ့ သဘောပါလားဆိုပြီး 'ပီတိစားရင်း' ဝင်လုပ်ခဲ့ရာမှာ ကျနော်ကတော့ မန္တလေးကနေ ရန်ကုန်ရောက်သွားရင်ပြီးရောဆိုတဲ့ သဘောထားလည်း ပါပေသပေါ့။ တင်မိုးကလည်း ကျနော့်အတွက် အကြံအဖန် လုပ်ရှာပါတယ်။ "ရောက်ရောက်ခြင်း နေစရာ၊ စားစရာ မပူနဲ့၊ ငါနဲ့လာနေလှည့်" တဲ့။ ဒီလိုနဲ့ သူငယ်ချင်းနဲ့ ဆုံရတာ အမြတ်ပဲဆိုပီး ပါလာခြင်းပါပဲ။

ကျနော်က အလွတ်ပညာသင်ကျောင်းဆရာဘဝက ကျောင်းတွေ ပြည်သူပိုင်သိမ်းလို့ အစိုးရကျောင်းဆရာဘဝကို မရည်ရွယ်ဘဲ ယောင်တောင်ပေါင်တောင်နဲ့ ရောက်လာရတာပါ။ ကျောင်းဆရာဆိုတော့ စစ်မတိုက်တတ်ဘူး။ တိုက်ရင် ရှုံးမှာသေချာတယ်။ စစ်ဗိုလ်တွေက ပညာရေးလောကထဲဝင်ပြီး

ချယ်လှယ်ရင်လည်း ပညာရေးလည်းပျက်၊ တိုင်းပြည်လည်းပျက်မှာပါပဲ။ ကိုယ့်နယ်ပယ်နဲ့ ကိုယ်ကိုး။ ခုတော့ စစ်ဗိုလ်က ပညာရေးကို အထက်စီးကဝင်ပြီး စီမံခန့်ခွဲတယ်လေ။ ကျနော်တို့ ပညာရေးလောကမှာက ပညာရေးကို နားမလည်ရင် (သင်တန်းမရှိရင်) ကျောင်းဆရာတောင် ဝင်မလုပ်ရဘူး။ သူက မူလတန်းဆရာဖြစ် လက်မှတ်တောင် ရှိတာမဟုတ်ဘူး။ ပညာရေးနားလည်တဲ့ ပညာရှင်တွေရဲ့ အကြံဉာဏ် အဆုံးအဖြတ်ကိုလည်း လေးလေးစားစား လက်မခံဘူး။ ပညာရေး အရာရှိတဦးက အကျိုးသင့် အကြောင်းသင့် ဆွေးနွေးတာကို ငြင်းဆိုရုံမက “ခင်ဗျားကို ရရိုင် ပို့ပစ်လိုက်မယ်၊ ဆက်မပြောနဲ့” လို့ ပိတ်ပင်ခဲ့တယ်။ စက်မှုနဲ့စိုက်ပျိုးရေးဆိုင်ရာ ပညာညွှန်ကြားရေးမှူးတယောက်ကတော့ “ကျုပ်ကို ခင်ဗျား ဖြုတ်ချင်တိုင်း ဖြုတ်လို့မရဘူး၊ ကျုပ်ကို ကက်ဘိနက်က ခန့်တာ။ ဒါပေမယ့် ကျုပ်က ခင်ဗျားနဲ့အလုပ်မလုပ်ချင်လို့ ခုပဲ အလုပ်က ထွက်တယ်” ဆိုပြီး ကိုယ့်ရှေ့က ဖိုင်တွဲကို ပိတ်၊ ဖောင်တိန်ကို ကောက်ချိတ်ပြီး အစည်းအဝေးက ကျောခိုင်းထွက်ခွာသွားခဲ့ပါတယ်။

အဲဒီတုန်းက ဗိုလ်ချုပ်နေဝင်းရဲ့ သမီးတဦးက နိုင်ငံခြားပညာသင်သွားခွင့် စာမေးပွဲဖြေဆိုရာမှာ အင်္ဂလိပ်စာ မဖြေဆိုနိုင်လို့ ကျတယ်။ မသွားရဘူး။ ဒါကြောင့် အင်္ဂလိပ်စာကို လက်ရှိမှာ ပဉ္စမတန်းက စသင်နေရာက မူလတန်းကပဲ စသင်ပါဆိုပြီး ဝန်ကြီးသစ်က ညွှန်ကြားတယ်။ ဗိုလ်ချုပ်နေဝင်းကလည်း မြန်မာစာ ကျောင်းသုံးစာအုပ် ပြဋ္ဌာန်းရင် စာအုပ်ရေးသူ ကွယ်လွန်ပြီး အနည်းဆုံး နှစ်ပေါင်း ၂၀ ကြာမှ ပြဋ္ဌာန်းရမယ်လို့ နှုတ်မိန့်နဲ့ ညွှန်ကြားတယ်။ အဲဒါကလည်း အရင်က ကျောင်းသုံးစာအုပ်တွေလုပ်ခဲ့တဲ့ ကဗျာဆရာကြီး မင်းသုဝဏ်ကို ရည်ရွယ်ပြီးပြောတာပါ။ ပညာရှင်တွေကို ‘ငါ့စကား နွားရ’ စော်ကားနည်း တမျိုးပါပဲ။ (တိုင်ကြားသူလည်း ရှိလို့ပါ။) တကယ်က ဆရာကြီးရဲ့စာကို ကျောင်းမှာ သုံးတာဆိုလို့ ‘ကကြီး ကန်စွန်းပင်၊ ရေမှာ ရှင်’ စတဲ့ ဗျည်းလင်္ကာလေးတွေကလွဲလို့ ဘာမှမရှိပါဘူး။ အဲဒါလည်း ဘယ်သူမှ မရေးတတ်လို့ ဆရာကြီးက ရေးပေးရတာပါ။ အမျိုးသားကျောင်းမှာ ကျောင်းအုပ်ဝင်လုပ်ပေးရတုန်းက သင်ရိုးမှာ ညွှန်းထားပေမယ့် မရှိသေးလို့ တီထွင်ရေးဖွဲ့ပေးခဲ့ရတာပါ။

ခုတခါ ကျနော်တို့ မြန်မာစာ သင်ရိုးအဖွဲ့မှာ လုပ်ရပြန်တော့ ခေတ်နဲ့ညီတဲ့ မြန်မာကဗျာ ဖွဲ့နည်းရယ်လို့ ကျောင်းသုံးလုပ်စရာ မရှိဘူး။ လူတဦးတယောက်ရေးတာလည်း မကွယ်လွန်သေးရင် ကျောင်းသုံး မပြဋ္ဌာန်းဘူးဆိုတော့ စုပေါင်းပြုစုရတော့မှာပေါ့။ စကားပြေလက်ရွေးစင်တို့၊ ကဗျာလက်ရွေးစင်တို့ ဆိုတာကတော့ ရှေးကစာတွေထဲမှာရှိတာတွေကို တယောက်တပေါက်ရွေးပေးလို့ ရပါတယ်။ ဒီလိုပဲ လုပ်ခဲ့ကြပါတယ်။ မျက်မှောက်ခေတ် စာပေတွေမပါတော့ အခြေခံပညာရေးမှာ ‘ခေတ်စာ၊ ခေတ်စကား၊ ခေတ်အတွေး၊ ခေတ်အရေးအသား’ အခြေခံရဖို့အတွက် အခက်တွေ့လိမ့်မယ်ဆိုတာကိုတော့ စစ်ဗိုလ်တွေ နားမလည်ဘူးပေါ့။ ကဗျာဖွဲ့နည်း ဆိုတာကျတော့ လူတိုင်းလုပ်လို့လည်း မရဘူး။ ဒီတော့ အမျိုးသားစာပေဆု (စာပေဗိမာန်ဆု) ရသူ ဝါရင့် ကဗျာဆရာလည်းဖြစ်၊ မြန်မာစာပေပညာရှင်လည်းဖြစ်တဲ့ ကဗျာဆရာကြီး ဦးတင်မိုးလက်ကိုပဲ ဒီတာဝန်ကို သင်ရိုးအဖွဲ့က လွှဲအပ်လိုက်ရပါတော့တယ်။ တင်မိုးက နာမည်မခံဘဲ အဖွဲ့ကိုယ်စားပြုစုပေးရမှာပါ။ ဒါက ဗိုလ်ချုပ်နေဝင်းရဲ့ နှုတ်မိန့်ဥပဒေကြောင့်ပါ။ (စာအုပ်တအုပ် ကျောင်းသုံးဖြစ်ဖို့အတွက် စာရေးဆရာတယောက်က နှစ်ပေါင်း ၂၀ စောပြီး သေဆုံးပေးရမလို ဖြစ်နေတာကိုး။)

ဒီတာဝန်ကို တင်မိုးက စေတနာအပြည့်အဝနဲ့ လက်ခံပေးလိုက်ပါတယ်။ ပညာရှင်တွေထဲက ဘယ်သူ ထရေးရေး သူရေးတာလောက် ကောင်းမှာမဟုတ်ဘူးလို့ အားလုံးကလည်း လက်ခံယုံကြည်ထားကြတယ်ဆိုတာ သေချာပါတယ်။ တင်မိုးက ဒီစာအုပ်ကလေးကို ပြုစုလိုက်တာ တပတ်တောင် မကြာဘူးထင်ပါတယ်။ တက္ကသိုလ်ဘာသာပြန်နဲ့ စာအုပ်ထုတ်ဝေရေးဌာနမှ ဆရာကြီးမင်းသုဝဏ်ရဲ့လက်အောက်မှာ ‘စာပြု’ အဖြစ် အလုပ်တဖက်နဲ့ ရေးပေးရတဲ့ စာအုပ်ပါ။ ဒီစာအုပ်ကလေးကို အခြေခံပညာ ကျောင်းသုံးစာအုပ်ကော်မီတီ ဝိဇ္ဇာဌာနခွဲမှူး ဦးဘကောင်း (ကျောင်းသားခေါင်းဆောင်းဟောင်း) နဲ့ မောင်စွမ်းရည်တို့က တည်းဖြတ်ပြီး မြန်မာစာ သင်ရိုးအဖွဲ့ကိုတင်တော့ နောက်ဆုံးအခန်းကို အဖွဲ့က ဖြုတ်ပစ်လိုက်ပါတယ်။ အားနာနာနဲ့ပါပဲ။

ဖြုတ်ပစ်လိုက်ရတဲ့အခန်းက ကလေးကဗျာစပ်နည်း အခန်းပါ။ ကျောင်းဆရာ ကျောင်းသားများ အတွက် အလွန်အရေးကြီးတာမှန်ပေမယ့် မလွှဲသာလို့ ဖြုတ်ရတာပါ။ ‘ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့် ကောက်စို့ကွယ်’၊ ‘ဆွမ်းအုပ်နီနီ အမေရွှက်လို့ နက်ဖြန်မနက် ကျောင်းထွက်မယ်’ စတဲ့ ကလေးကဗျာလေးတွေကို စပ်တဲ့ စပ်နည်းပုံစံပါ။ (ဂျပန်က စာပေသမား ဗမာလူငယ်များပြုလုပ်တဲ့ ‘မင်းသုဝဏ် ရာပြည့်စာတမ်းဖတ်ပွဲ’ အတွက် ကျနော် စာတမ်းရေးသားတင်သွင်းဖူးပါတယ်။) ဒါလေးတွေကို ရေးတဲ့ ကဗျာဆရာမင်းသုဝဏ် အဲဒီတုန်းက မကွယ်လွန်သေးလို့ ဗိုလ်နေဝင်းချမှတ်တဲ့ (နှစ် ၂၀) မူနဲ့ မကိုက်ညီတဲ့အတွက် ဖြုတ်ထားခဲ့ရတာပါ။ ကျနော်တို့လည်း နှမျောတာပေါ့။ ကျမ်းပြုသူ တင်မိုးကတော့ စိတ်မချမ်းသာဖြစ်ပြီး သူ့စာအုပ်နဲ့ပတ်သက်တဲ့ ဆွေးနွေးခန်းမှာ အစည်းအဝေးမတက်တော့ဘဲ ကိုဇာဂနာတို့ အနုပညာအသင်းတည်ရှိရာ ကျောင်းသား အပန်းဖြေရိပ်သာကိုသွားပြီး တေးဂီတနဲ့ အပန်းဖြေ နေလိုက်ပါတော့တယ်။

ဇာတ်စုံခင်းရရင်တော့ အဲဒီတုန်းက ဆရာကြီး မင်းသုဝဏ်ခမျာ ကံနိမ့်နေရှာတဲ့ကာလပေါ့။ ဆရာကြီးကို “မကျက်တကျက် ပေါင်မုန့်”တဲ့။ “ခရစ်ယာန်ကြီး ဖေမောင်တင်ရဲ့တပည့်”တဲ့။ အမျိုးမျိုးပြောပြ ပညာရေးလောကထဲက ဖယ်ထုတ်ပစ်လိုက်တာ မကြာသေးပါဘူး။ (စပ်မိလို့ ကြားညှပ်ပြောရရင် ဗိုလ်နေဝင်းဟာ ဆရာကြီး ဦးဖေမောင်တင် ကျောင်းအုပ်ဘဝမှာပဲ တက္ကသိုလ်က ကျောင်းထုတ်ခံခဲ့ရဖူးတာကို အငြိုး ရှိပါတယ်။) ကလေးကဗျာအကြောင်းပြောရရင် ‘မင်းသုဝဏ်’ ဆိုတဲ့ နာမည်ကလည်း မပါမဖြစ်ဘူး မဟုတ်လား။ ဒါ့အပြင် ဗိုလ်နေဝင်းပြောတဲ့ “ကွယ်လွန်ပြီး နှစ်ပေါင်း ၂၀ အနည်းဆုံးကြာတဲ့စာကိုမှ ကျောင်းသုံးပြဋ္ဌာန်းရမယ်” ဆိုတဲ့မူနဲ့လည်း သွားငြိနေပြန်ပါသေးတယ်။ နောက်ပိုင်းကျတော့ ၁၁ တန်း၊ ၁၂ တန်းဆိုတာလည်း မလုပ်ဖြစ်တော့လို့ စာအုပ်တအုပ်လုံး အုပ်ရေ တသိန်းရိုက်ပြီးမှ မသုံးလိုက်ရတော့ဘဲ ဖျက်ဆီးပစ်လိုက်ရပြန်ပါတယ်။ တင်မိုးကတော့ နာမည်လည်း မခံရတဲ့အပြင် အဖြတ် အဖြုတ်လည်းခံရ၊ နောက်ဆုံး ဖျက်ဆီးတာလည်း ခံလိုက်ရတဲ့ စာအုပ်လေးအကြောင်းကို လုံးဝမပြောတော့ဘဲ မေ့ပစ်လိုက်ပါ တော့တယ်။ ကျနော်က မမေ့နိုင်ဘဲ ငါ့သူငယ်ချင်းရဲ့လက်ရာလေးဆိုပြီး ကွယ်ဝှက်ထားရာက ပြည်ပကိုပါ ယူလာခဲ့ပြန်ပါတယ်။ မိုးမခ မောင်ရစ်တို့နဲ့ စကားစပ်မိတော့ တင်မိုးဆိုတာ မိုးမခ နာယကလည်းဖြစ်၊ သူတို့ချစ်တဲ့ ဆရာလည်းဖြစ်တော့ ဒီစာအုပ်ကလေးကို ရေးသူအမည်ပြန်တပ်ပြီး ပြန်ထုတ်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီစာအုပ်ကလေးကို ပုံနှိပ်ရာဇဝင်ပါတဲ့ အတွင်းမျက်နှာဖုံးပါ စာသားကလွဲပြီး အမှာတွေ၊ လေ့ကျင့်ခန်းတွေရော စာလုံးပေါင်းသတ်ပုံတွေပါ မူရင်းအတိုင်းထားပြီး ပြန်လည် ပုံနှိပ်ထုတ်ဝေပါတယ်။ ဖြုတ်ခံရတဲ့ ကလေးကဗျာစပ်နည်းအခန်းကိုတောင် ပြန်ထည့်ချင်စိတ် ပေါ်ပါတယ်။ မြန်မာစာ သင်ရိုးအဖွဲ့ ရုံးခန်းမှာ ပြန်ရှာရင် ရကောင်းစရာရှိပေမယ့် ပြန်မရှာနိုင်တော့ပါဘူး။ ကျောင်းသုံးစာအုပ်ကော်မတီက ပယ်ဖျက်ထားတဲ့စာအုပ်ဖြစ်လို့ မူပိုင်ခွင့်နဲ့လည်း မဆိုင်တော့ပါဘူး။ ဒါ့ကြောင့် တင်မိုးရဲ့သားသမီးတွေကိုဖြစ်စေ ဘယ်သူ့ဆီမှခွင့်မတောင်းတော့ဘဲ ဒီစာအုပ်ကလေးကို ကျနော်တို့ အမှတ်တရ ပြန်လည်ပုံနှိပ် ထုတ်ဝေ လိုက်ရပါတယ်။ ဖြုတ်ခဲ့တဲ့အခန်းကို ပြန်မဖြည့်နိုင်တာ စိတ်မကောင်းဖြစ်မိတာကလွဲပြီး ပီတိဖြစ်မိပါတယ်။ သူ့ရဲ့ဆရာရင်းတွေ ဖြစ်ကြတဲ့ မြန်မာစာပါမောက္ခ ဦးဘိုသင်း၊ ဒေါ်စီစီဝင်းတို့ရဲ့ မြန်မာစာသင်ရိုးအဖွဲ့ဝင် လုပ်ဖော်ကိုင်ဖက်အားလုံးကလည်း ဝမ်းသာကြမှာပါ။

ဘာပဲဖြစ်ဖြစ် ခုတော့ သူ့လက်ရာကလေး ပထမဆုံးအကြိမ်အဖြစ် ပုံနှိပ်ဖြန့်ချိလိုက်နိုင်ပါပြီ။ သူငယ်ချင်း ရောက်ရာဘုံဘဝက ပီတိဖြစ်ရပါစေသော။

တင်မိုးရဲ့ သူငယ်ချင်း
မောင်စွမ်းရည်
၂၀၁၁ မတ် ၁၇၊ နယူးယောက်။

## အမှာစာ

မြန်မာနိုင်ငံပညာရေးကို အဆင့်အတန်းမြင့်မားစေရန် ပညာရေးအစီအစဉ်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

ထိုအစီအစဉ်အရ အခြေခံပညာရေးကဏ္ဍတွင် မြန်မာစာ အခြေခံ ခိုင်ခံ့တောင်တင်း၍ ကျွမ်းကျင်စွာတက်မြောက်စေရန် မြန်မာသင်ရိုးကို ပြန်လည်ရေးဆွဲပါသည်။

အဆိုပါသင်ရိုးအရ အခြေခံပညာအထက်တန်း စိတ်ကြိုက် မြန်မာစာသင်ကြားခြင်း၏ ရည်မှန်းချက်ကို အောက်ပါအတိုင်း ချမှတ်သင်ကြားမည် ဖြစ်ပါသည်။

၁။ မြန်မာစာပေ၏ တိုးတက်ပုံအစဉ်ကို သိရှိစေရန်၊

၂။ စကားပြေကဗျာတို့ကို ဝေဖန်အကဲဖြတ်နိုင်စေရန်၊

၃။ အရေးအသား ကျွမ်းကျင်တတ်မြောက်စေရန်၊

၄။ မြန်မာဝေါဟာရများကို ပိုင်နိုင်စွာ သုံးတတ်စေရန်၊

၅။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများအား အလေးထားတတ်စေရန်၊

အထက်ပါ ရည်မှန်းချက်များနှင့်အညီ အထက်တန်းအတွက် မြန်မာ ကဗျာဖွဲ့နည်းစာအုပ်ကို ပြုစုပြဋ္ဌာန်းပါသည်။

## ကဗျာ၏သဘော

ကဗျာဆိုသည်မှာ ဘာသာစကားတရပ်၏ အညွန့်အဖူးဖြစ်သည်။ ကဗျာသည် ကဗျာဆရာက သူ၏ ဘဝအတွေ့အကြုံ၊ စိတ်ကူးစိတ်သန်းများကို အကောင်းဆုံး စကားလုံးများဖြင့် ရေးဖွဲ့တင်ပြအပ်သော စာပေ အနုပညာပုံသဏ္ဍာန်တရပ် ဖြစ်သည်။ ထို့ကြောင့် ကဗျာကို ရသခံစားရန် ဖတ်ရှုကြသည်။ ကဗျာဖတ်ရှုခြင်း ဖြင့် စိတ်ကူးဉာဏ်ဖွံ့ဖြိုး၍ ရသနိုးကြားစေနိုင်သည်။

မြန်မာလူမျိုးတို့သည် ကဗျာကို နှစ်သက်မြတ်နိုးကြသည်။ ကဗျာဖြင့် စကားထာဝှက်သည်။ ကဗျာဖြင့် ရာဇဝင်ကို မှတ်သည်။ သတ်ပုံကို မှတ်သည်။ မွေးနေ့ကို မှတ်သည်။ ရာသီဥတုကို မှတ်သည်။ လယ်ထွန်ရက် ကိုလည်း မှတ်သည်။ ကဗျာဖြင့် သဘာဝအလှကို ဖွဲ့သည်။ ကဗျာဖြင့် အချစ်ရေး၊ စစ်ရေးတို့ကို သီကုံးသည်။ ရှေးကမြန်မာစာပေကို လေ့လာသည်ဆိုသည်မှာ မြန်မာကဗျာကိုလေ့လာခြင်းပင် ဖြစ်ခဲ့သည်။ ဤသို့ဖြင့် ကဗျာသည် မြန်မာစာပေတွင် အထူးအရေးပါအရာရောက်ခဲ့သည်။

မြန်မာကဗျာကို ကာရန်ယှူစနစ်ဖြင့် ဖွဲ့သည်။ ကာရန်စနစ်တွင် အသံနိမ့်မြင့်သဘောများ ပါရှိနေ သည်။

ထို့ကြောင့် ကဗျာကို အနုပညာမြောက်အောင် ရေးဖွဲ့ရန်မကြိုးစားမီ ကာရန်နိုင်အောင် လေ့ကျင် လေ့ရှိခဲ့ကြသည်။ မြန်မာမှုလောကတွင် 'ရာသီမနိုင် ဆေးမကိုင်နှင့်၊ ကာရန်မနိုင် စာ ကဗျာမကိုင်နှင့်' ဟုပင် ဆိုရိုးရှိခဲ့လေသည်။ ထို့ကြောင့် မြန်မာကဗျာဖွဲ့တတ်အောင် ကာရန်ကိုလည်း လေ့လာ လေ့ကျင့်ထား ရသည်။

မြန်မာဘာသာစကားမှာ ဧကဝဏ္ဏဘာသာသဘောကဲ၍ စာတစ်လုံး အသံတစ်သံ အနက်တစ်ခုရှိသော ကြောင့် ကာရန်ကြွယ်ဝသည်။ ကာရန် နှစ်လုံး၊ သုံးလုံး၊ လေးငါးလုံးမက ကာရန်များစွာကို ထပ်တူညီအောင် စပ်ဟပ်၍ ရသည်။ နဘေထပ်၍ ရသည်။ ကာရန်နိုင်လျှင်နိုင်သလို ကဗျာပုံစံကို ဖန်တီးနိုင်ခွင့်ရှိသည်။ သို့သော် ကာရန်ကြွယ်တိုင်း ကဗျာကောင်းဖြစ်နိုင်သည် မဟုတ်ချေ။ စိတ်ကူးကောင်းမှ ကဗျာကောင်း ပီသနိုင်ပေမည်။

## ကဗျာစပ်နည်းအမျိုးမျိုး

မြန်မာကဗျာတွင် ကာရန်ယှူပုံကိုလိုက်၍ အသံသွားအသံလာ ပြောင်းလဲသွားသည်။ ထို့ကြောင့် ကာရန်ကိုမူတည်၍ ကဗျာစပ်နည်း အမျိုးမျိုး ဖြစ်ပေါ်လာသည်။ မြန်မာကဗျာတွင် လေးလုံးစပ်နည်းမှာ အခြေခံနည်း ဖြစ်သည်။ အသုံးအများဆုံး နည်းလည်းဖြစ်၍ သက်တမ်းအရှည်ဆုံးနည်းလည်း ဖြစ်သည်။ စပ်ဟပ်ရန်လွယ်ကူ၍ အသုံးများသောနည်းမှာ 'သံပေါက် စပ်နည်း' ဖြစ်သည်။ သံပေါက်စပ်နည်းသည် အခြေခံအားဖြင့် လေးလုံး စပ်နည်းပင် ဖြစ်သည်။ ဒွေးချိုး၊ တြိချိုး၊ လေးချိုး စသော အချိုးကဗျာများမှာလည်း မြန်မာကျေးလက်လူထု၏ တေးကဗျာတို့တွင် အသုံးများသော အခြေခံအချိုး ကဗျာစပ်နည်းများပင် ဖြစ်သည်။ ဤစာအုပ်တွင် အခန်း ၁၊ ၂၊ ၃ တို့မှာ မြန်မာဗျည်း သရ အက္ခရာများနှင့် အသတ်၊ အသံ၊ ကာရန်များကို အခြေခံရရုံ ဖော်ပြထားပါသည်။ ထို့နောက် အသုံးများသော မြန်မာကဗျာဖွဲ့နည်း (၁၂) မျိုးကို ဖော်ပြထား ပါသည်။

ကဗျာစပ်နည်းတစ်မျိုးကို ဖော်ပြတိုင်း ထိုစပ်နည်း၏ အဓိပ္ပာယ် ဗျုပ္ပတ်တို့ကို ရှေးဦးစွာ ဖော်ပြ မိတ်ဆက်ပြီးမှ စပ်နည်းများအရ ခေတ်နည်းအရ သင်္ကေတများ၊ ဂဏန်းအမှတ်များဖြင့် စနစ်ချ၍ပြပါသည်။ ပထမတွင် ကဗျာတစ်ပုဒ်ဖြင့် နမူနာပေး၍ ရှင်းပြပါသည်။ ထို့နောက်တွင် မြန်မာစာပေသမိုင်းတလျှောက်လုံးမှ ကောင်းနိုးရာရာကဗျာများကို ရွေးချယ်၍ သက်ဆိုင်ရာကဗျာစပ်နည်းအတွက် နမူနာများထပ်၍ ပေးထား ပါသည်။ နောက်ထပ်ပေးထားသော နမူနာပြကဗျာများမှာလည်း ခေတ်အဆက်ဆက် စံထားခဲ့ကြသော

ကဗျာများသာဖြစ်၍ ကျောင်းသားလူငယ်များအနေဖြင့် ကဗျာစပ်နည်းလေ့လာရင် ကဗျာအရသာကိုပါ ဝါသနာဉာဏ်ခံအလျောက် ဖတ်ရှုခံစားနိုင်ကြရန် ဖြစ်ပါသည်။

## လေ့လာသင်ကြားရန်

ဤမြန်မာကဗျာဖွဲ့နည်းစာအုပ်မှာ အခြေခံပညာအထက်တန်း ကျောင်းသားများအနေဖြင့် မြန်မာကဗျာစပ်နည်းအမျိုးမျိုး၏ အခြေခံသဘောကို သိရှိနားလည်ရန် ရည်ရွယ်ရေးသား ပြုစုထားခြင်း ဖြစ်ပါသည်။

ထို့ပြင် အခြေခံပညာအထက်တန်းကျောင်းသားများအနေဖြင့် ကျောင်းသုံး မြန်မာကဗျာ လက်ရွေးစင်ပါ ကဗျာများကို လေ့လာရာတွင်လည်း ဤစာအုပ်ပါ ကဗျာစပ်နည်းများနှင့် တွဲဖက်လေ့လာရန် အထောက်အကူ ဖြစ်နိုင်ပါသည်။ သာမန်အားဖြင့် ကျောင်းသားတို့သည် သံပေါက်၊ သံချပ်၊ လေးလုံးစပ်လင်္ကာ၊ ဒွေးချိုး အစရှိသော လွယ်ကူသည့်ကဗျာစပ်နည်းများကို စမ်းသပ်ရေးဖွဲ့ကြည့်သင့်ကြသည်။ ကဗျာရေးဖွဲ့မှု၌ ဝါသနာထုံပြီး ကဗျာဉာဏ်ခံကောင်းသော ကျောင်းသားများအနေဖြင့် ဤစာအုပ်ပါ ကဗျာစပ်နည်းအမျိုးမျိုးကိုသာမက၊ ပြင်ပမှ ကဗျာအမျိုးမျိုးကိုပါ ဖတ်ရှုလေ့လာ၍ နည်းယူရေးဖွဲ့ကြည့်နိုင်ပါသည်။ ကဗျာစပ်နည်းများ သိကျွမ်းထားရုံဖြင့် ပြောင်မြောက်သော ကဗျာကောင်းများ ရေးဖွဲ့နိုင်စွမ်းပြီဟု မမှတ်ယူနိုင်သော်လည်း ကဗျာစပ်နည်းများကို လေ့လာတတ်ကျွမ်းထားခြင်းသည် ကဗျာကောင်းများရေးဖွဲ့နိုင်ရန် အခြေခံကောင်းတရပ်ရရှိထားခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဆရာများနှင့် ကျောင်းသားများသည် လိုအပ်ချက် အနည်းအများအလိုက်၊ ဝါသနာအနုအရင့်အလိုက် ဤစာအုပ်ပါ ကဗျာစပ်နည်းများနှင့် နမူနာပြကဗျာများကို နှစ်သက်ပျော်ရွှင်စွာ လွယ်လွယ်ကူကူ ဖတ်ရှုလေ့လာသွားကြစေလိုပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြန်မာအက္ခရာများ | ၁၂ |
| ၂။ | အသံအမျိုးမျိုး | ၁၆ |
| ၃။ | အသတ်အမျိုးမျိုး | ၁၈ |
| ၄။ | သံပေါက် | ၂၀ |
| ၅။ | သံချပ် | ၂၅ |
| ၆။ | လေးလုံးစပ်လင်္ကာ | ၂၇ |
| ၇။ | ရတု | ၃၃ |
| ၈။ | ဒွေးချိုး | ၃၉ |
| ၉။ | တြိချိုး | ၄၃ |
| ၁၀။ | လေးချိုး | ၄၆ |
| ၁၁။ | သံချို | ၅၂ |
| ၁၂။ | တျာချင်း | ၅၆ |
| ၁၃။ | အိုင်ချင်း | ၆၀ |
| ၁၄။ | လွမ်းချင်း | ၆၃ |
| ၁၅။ | တေးထပ် | ၆၆ |

အခန်း (၁)

## မြန်မာအက္ခရာများ

### သရ

မြန်မာဘာသာတွင် အခြေခံသရ (၁၁) လုံးရှိသည်။ ၄င်းတို့မှာ အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ အော၊ အော်၊ အို တို့ဖြစ်သည်။ သရဆိုသည်မှာ မည်သည့်အက္ခရာကိုမျှ မမှီခိုရဘဲ မိမိဘာသာ အသံထွက်ဆိုနိုင်သော အက္ခရာများ ဖြစ်သည်။

### ဗျည်း

ဗျည်းဆိုသည်မှာ သရနှင့်မှီတွဲဖက်မှသာ အသံထွက်နိုင်သော အက္ခရာများဖြစ်သည်။

မြန်မာဗျည်း (၃၃) လုံး ရှိသည်။ ၄င်းတို့မှာ –

| | | | | | |
|---|---|---|---|---|---|
| က | ခ | ဂ | ဃ | င | |
| စ | ဆ | ဇ | ဈ | ည | |
| ဋ | ဌ | ဍ | ဎ | ဏ | |
| တ | ထ | ဒ | ဓ | န | |
| ပ | ဖ | ဗ | ဘ | မ | |
| ယ | ရ | လ | ဝ | သ | |
| ဟ | ဠ | အ | | | တို့ဖြစ်သည်။ |

### သရ နှင့် ဗျည်း ပေါင်းစပ်ပုံ

ဗျည်းဖြစ်သော "က်"ကို သရဖြစ်သော "အ"နှင့် ပေါင်းလျှင် "က" ဟူ၍ အသံထွက်သည်။ ထိုနည်းတူ –

| | |
|---|---|
| က် + အ = က | က် + အိ = ကိ |
| က် + အာ = ကာ | က် + အီ = ကီ |
| က် + အား = ကား | က် + အီး = ကီး |
| က် + အု = ကု | က် + အေ့ = ကေ့ |
| က် + အူ = ကူ | က် + အေ = ကေ |
| က် + အူး = ကူး | က် + အေး = ကေး |

ကာရန်

ကာရန် ဟူသည်မှာ အက္ခရာ၏ အဆုံးသံဖြစ်သည်။ "ကာရန္တ" ဟူသော ပါဠိစကားမှာ ဆင်းသက်လာသော စကားဖြစ်သည်။ ဥပမာ – "က"အက္ခရာ၏အသံသည် "အ"ဖြစ်သည်။ "ကာ"အက္ခရာ၏အသံသည် "အာ"ဖြစ်သည်။ "ကား" အက္ခရာ၏ အသံသည် "အား" ဖြစ်သည်။ "ခဲ" ဟုဆိုလျှင် "အဲ" ကာရန်ဟု သိရမည်။ "စူး"ဟုဆိုလျှင် "အူး" ကာရန်ဟု သိရမည်။ ကာရန်ယူရာတွင် အက္ခရာ၏အဆုံးသံချင်း အညီယူသည်လည်း ရှိသည်။ တပိုဒ်နှင့် တပိုဒ်တို့၏အဆုံးရှိ အသံချင်း အညီယူသည်လည်းရှိသည်။ နှစ်ပိုဒ်၊ သုံးပိုဒ် စသော ဝါကျတို့၏ အဆုံးရှိ အသံချင်း အညီယူသည်လည်း ရှိသည်။ အက္ခရာ၏ အဆုံးကာရန်ကို ဝဏ္ဏကာရန်၊ စာပိုဒ်၏အဆုံးကာရန်ကို ပဒကာရန်၊ ဝါကျ၏အဆုံးကာရန်ကို ဝါကျကာရန် ဟူ၍ ခေါ်ကြသည်။

ကာရန် (၆၄) ပါး ရှိသည်။ အောက်တွင်း ဇယားဖြင့် ဖော်ပြထားပါသည်။

| အ ကာရန်မျိုး | အာ ကာရန်မျိုး | အား ကာရန်မျိုး |
|---|---|---|
| အ | အာ | အား |
| အိ (ဣ) | အီ (ဤ) | အီး |
| အု (ဥ) | အူ (ဦ) | အူး (ဦး) |
| အေ့ | အေ (ဧ) | အေး |
| အဲ့ | အယ် | အဲ |
| အော့ | အော် | အော (ဩ) |
| အို့ | အို | အိုး |
| အက် | – | – |
| အောက် | – | – |
| အိုက် | – | – |
| အင့် | အင် | အင်း |
| အောင့် | အောင် | အောင်း |
| အိုင့် | အိုင် | အိုင်း |
| အစ် | – | – |
| အဉ့် | အဉ် | အဉ်း |
| အည့် | အည် | အည်း |
| အတ် | – | – |
| အိတ် | – | – |
| အုတ် | – | – |
| အန့် | အန် | အန်း |
| အိန့် | အိန် | အိန်း |
| အုန့် | အုန် | အုန်း |
| အပ် | – | – |
| အိပ် | – | – |

| | | |
|---|---|---|
| အုပ် | – | – |
| အုံ့ | အုံ | အမ်း |
| အိမ့် | အိမ် | အိမ်း |
| အုံ့ | အုံ | အုံး |
| ၂၈ + | ၁၈ + | ၁၈ = ၆၄ |

ကာရန်တူများ

အောက်ပါတို့သည် ကာရန်တူများ ဖြစ်ကြသည်။

| | |
|---|---|
| ကား | = စား၊ ဝါး၊ ငါး၊ လား၊ ထွား၊ တား၊ ပွား၊ ပျား။ |
| ခင် | = မင်၊ ကြင်၊ မြင်၊ စင်၊ လွင်၊ ရှင်။ |
| ကောင်း | = ထောင်း၊ မောင်း၊ သောင်း၊ ကျောင်း၊ စောင်း။ |
| မေ | = ဖေ၊ ဆွေ၊ ဝေ၊ မြေ၊ ရွှေ၊ ငွေ။ |
| စမ်း | = ဂျမ်း၊ စွမ်း၊ ကမ်း၊ ဖမ်း၊ လမ်း။ |
| စော | = မော၊ တော၊ သော၊ ပြော၊ ကော။ |
| အေး | = ငေး၊ လေး၊ တွေး၊ ဆွေး၊ ရေး။ |
| တိုး | = ဖြိုး၊ စိုး၊ မိုး၊ အိုး၊ ကြိုး၊ ဆိုး။ |
| ထွတ် | = ကျွတ်၊ လွတ်၊ ဆွတ်၊ မွတ်၊ ရွှတ်။ |

နီ = တီ၊ စီ၊ ရီ၊ ပြီ၊ ချီ၊ သီ၊ ညီ။

အထက်ပါအတိုင်း ကာရန်သဘောကို သိအောင် အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ရမည်။ ထို့ပြင် တလုံးချင်းထပ်မျှမက နှစ်လုံးတွဲ၊ သုံးလုံးတွဲ၊ လေးလုံးတွဲ စသည်ဖြင့် ကာရန်အထပ်၊ နဘေထပ်များကိုလည်း လေ့ကျင့်သင့်သည်။

အောက်တွင် နမူနာပြထားပါသည်။

၁။ မာမာ
လာပါ။

၂။ ညအခါ
လမသာ။

၃။ စောဖေ
နောကျေ။

၄။ စုံမြိုင်တွင်း
ထုံကြိုင်သင်း။

၅။ ရေတံခွန်
ဟေမဝန်

၆။ မာမာ ချာချာ
သာသာ ယာယာ။

၇။ ပန်းပိတောက်မင်း
လမ်းတလျှောက်သင်း။

၈။ မဲဇာတောင်ခြေ
သဲသာသောင်မြေ
ပွဲခါညောင်ရေ။

၉။ ပေးစရာလည်း ငွေမရှိ
ပြေးစရာလည်း မြေမရှိ။

၁၀။ အကြံမရှိ နောက်လိုက်
ဆန်မရှိ ကောက်စိုက်။

အထက်ပါ နမူနာများကိုမှီး၍ အမျိုးမျိုးလေ့ကျင့်ကြည့်ပါ။ အထူးသဖြင့် စကားပုံများ၊ စကားထာများကို လေ့ကျင့်ကြည့်လျှင် ပို၍ လွယ်လွယ်ကူကူ သဘောပေါက်ပါလိမ့်မည်။ အထူးမှတ်ရန်မှာ ကာရန်ညီအောင်

လေ့ကျင့်ရာတွင် အသံလည်းညီ၊ အသတ်လည်းညီလျှင် အကောင်း ဆုံးဖြစ်သည်။ သို့ရာတွင် ကဗျာ့သဘော သည် ရွတ်ဆိုမှုကို ပဓာနထားသောကြောင့် အသံညီ၍ အသတ်မညီပဲလည်း စပ်ဆိုလေ့ရှိကြသည်။ ဥပမာ အားဖြင့် –

ပန်းလိုမွှေးပါစေ

စမ်းလိုအေးပါစေ ဟူသောစကားတွင် "ပန်း"နှင့် "စမ်း"သည် အသတ် မတူချေ။ သို့ရာတွင် အသံကို အဓိကထား၍ စပ်ဆိုထားခြင်းဖြစ်သည်။

ရှင်မဟာရဋ္ဌသာရ စသော ပုဂ္ဂိုလ်တို့ကား အသံညီ အသတ်ညီ စပ်ဆိုလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ ကာရန်နိုင်အောင် လေ့ကျင့်ရာတွင် အသံအမျိုးမျိုးထပ်၍ လေ့ကျင့်သင့်သည်။

အခန်း (၂)

## အသံအမျိုးမျိုး

ကဗျာဖွဲ့ဆိုရာတွင် (၁) ပကတိသံ
(၂) အောက်မြစ်သံ
(၃) ဝိသဇ္ဇနီသံ (ဝစ္စပေါက်သံ)
ဟူ၍ အသံသုံးမျိုးရှိသည်။ အောက်တွင် ဇယားဖြင့် ပြထားပါသည်။

| ပကတိသံ | အောက်မြစ်သံ | ဝိသဇ္ဇနီသံ |
|---|---|---|
| အာ | အာ့ = အ | အား |
| အီ | အီ့ = အိ | အီး |
| အူ | အူ့ = အု | အူး |
| အေ | အေ့ = အေ့ | အေး |
| အယ် | အယ့် = အဲ့ | အဲး |

(၁) ပကတိသံ ဆိုသည်မှာ အောက်မြစ်နှင့် ဝိသဇ္ဇနီ မပါသော ကာရန်ဖြစ်သည်။ တက်သံ ဟူ၍လည်း ခေါ်သည်။

(၂) အောက်မြစ်သံ ဆိုသည်မှာ အောက်မြစ်ပါသော ကာရန်စုနှင့် အောက်မြစ်မပါသော်လည်း အောက်မြစ်သံ ရွတ်ဖတ်ရသော အ၊ အိ၊ အု စသည့် ကာရန်စုပင် ဖြစ်သည်။ သက်သံ ဟူ၍လည်း ခေါ်သည်။

(၃) ဝိသဇ္ဇနီသံ ဆိုသည်မှာ ဝစ္စပေါက်ပါသောအသံပင် ဖြစ်သည်။ နိမ့်သံ ဟူ၍လည်း ခေါ်သည်။

ကသတ်၊ စသတ်၊ တသတ်၊ ပသတ် တို့မှာ အောက်မြစ်သံကဲ့သို့ အသုံးပြုနိုင်သည်။ ထိုအသတ်သံများကို တိုင်သံ ဟူ၍ ခေါ်သည်။

ထိုအသံသုံးမျိုးအနက် ပကတိသံခေါ် တက်သံကို ချီသံ ဟူ၍လည်း ခေါ်သည်။

အောက်မြစ်သံခေါ် သက်သံ၊ ဝိသဇ္ဇနီသံခေါ် နိမ့်သံနှင့် တိုင်သံတို့ကို ကဗျာလင်္ကာ၏ အချသံများ ဖြစ်သောကြောင့် ချသံ ဟူ၍လည်း ခေါ်သည်။

ကဗျာဖွဲ့ဆိုရာတွင် ချီသံနှင့်ချသံတို့ကို တလှည့်စီရေးနိုင်လျှင် သုတိသာယာနာပျော်ဖွယ် ဖြစ်သည်။ အသံနေ အသံထား၊ အသံသွား အသံလာ ချောမော ပြေပြစ်တတ်သည်။ ကဗျာစာဆို၏ ခံစားမှုကိုလိုက်၍ ချီသံချသံပြေပြစ်အောင် စီကုံးတတ်ရသည်။ ဥပမာအားဖြင့် အောက်ပါကိုခန်းပျို့လာ စာပိုဒ်ကိုရှုပါ။

"ဇာတိပုညာ၊ ဂုဏ်မာနဖြင့်
သံပဟုံးစုံး၊ ဖက်မဲ့ကြိုးသား
အားသုံးထောင်ထား၊ မျိုးလေးပါး၏

တက်ပွားစောင်မာန်၊ လွှားတံခွန်ကို
ပြင်းဝှန်မုန်တိုင်း၊ ခတ်ချိုးလှိုင်း၍
ဖြတ်ပိုင်းလှည်းချ၊ တတ်စွမ်းလှသား"

ဤအပိုဒ်တွင် ပြေပြစ်သာယာသော တက်သံ ကာရန်များကို အလွန်မသုံးဘဲ ပြင်းထန်မာကျောသော အသံများကိုသာသုံး၍ ဖွဲ့ဆိုထားသည် ကို တွေ့နိုင်ပါသည်။ အလားတူ ကဗျာပါ အသံများကို စစ်ဆေးကြည့်ရှုနိုင်သည်။

အခန်း (၃)

## အသတ်အမျိုးမျိုး

အသတ်ဆိုသည်မှာ အ–သရ အသံ သေအောင် သတ်ထားသော တံခွန်လွှားခြင်းပင် ဖြစ်သည်။ အသတ် (၁၀) မျိုးရှိသည်။ ထို (၁၀) မျိုးကား –

က သတ် = က် ... (ကက်)
င သတ် = င် ... (ကင်)
စ သတ် = စ် ... (ကစ်)
ဉ (ညကလေး) သတ် = ဉ် ... (စဉ်)
ည သတ် = ည် ... (မည်)
တ သတ် = တ် ... (တတ်)
န သတ် = န် ... (ဆန်)
ပ သတ် = ပ် ... (အပ်)
မ သတ် = မ် ... (ကမ်)
ယ သတ် = ယ် ... (ရယ်)

ထို့ပြင် မြန်မာစာပေထဲတွင် ပါဠိဘာသာမှ ဆင်းသက်လာသော ပါဠိသက် အသတ်အက္ခရာတို့လည်း များစွာရှိသည်။ ၄င်းတို့ကို သတ်ထူး ဟု ခေါ်သည်။ ပါဠိသက် အသတ် ၂၆ ပါးရှိသည်။ ယင်း အသတ် (၂၆) ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

| အမှတ်စဉ် | အသတ် | အမည် | သာဓက |
|---|---|---|---|
| ၁။ | က် | က–သတ် | ကရဝိက် |
| ၂။ | ခ် | ခ–သတ် | မုခ် |
| ၃။ | ဂ် | ဂ–သတ် | ဘဝဂ် |
| ၄။ | င် | င–သတ် | အာနိသင် |
| ၅။ | စ် | စ–သတ် | ဧကေဒ့စ် |
| ၆။ | ဇ် | ဇ–သတ် | ဧကရာဇ် |
| ၇။ | ဉ် | ဉ(ညကလေး) သတ် | ယာဉ် |
| ၈။ | ဋ် | ဋ–သတ် | ဝဋ် |
| ၉။ | ဍ် | ဍ–သတ် | ပါဠ် |
| ၁၀။ | ဏ် | ဏ–သတ် | ဉာဏ် |
| ၁၁။ | တ် | တ–သတ် | အတိတ် |
| ၁၂။ | ထ် | ထ–သတ် | ဣရိယာပုထ် |
| ၁၃။ | ဒ် | ဒ–သတ် | ပုဒ် |

**မြန်မာကဗျာဖွဲ့နည်း**

| စဉ် | အသတ် | အမည် | သာဓက |
|---|---|---|---|
| ၁၄။ | ဓ် | ဓ–သတ် | ဝဇီရာဝုဓ် |
| ၁၅။ | န် | န–သတ် | ဗိမာန် |
| ၁၆။ | ပ် | ပ–သတ် | ဇမ္ဗူဒိပ် |
| ၁၇။ | ဖ် | ဖ–သတ် | ဒြဖ် |
| ၁၈။ | ဘ် | ဘ–သတ် | လာဘ် |
| ၁၉။ | မ် | မ–သတ် | အာရာမ် |
| ၂၀။ | ယ် | ယ–သတ် | အဓိပ္ပာယ် |
| ၂၁။ | ရ် | ရ–သတ် | မာရ် |
| ၂၂။ | လ် | လ–သတ် | တက္ကသိုလ် |
| ၂၃။ | ဝ် | ဝ–သတ် | သိဒ္ဓိုဝ်း |
| ၂၄။ | သ် | သ–သတ် | ဥပုသ် |
| ၂၅။ | ဟ် | ဟ–သတ် | သိဟ်ရာသီ |
| ၂၆။ | ဠ် | ဠ–သတ် | သီဟိုဠ် |

ကဗျာစီကုံးရာတွင် အသတ်ချင်း တူညီနိုင်သမျှ တူညီအောင် အားထုတ်ကြသည်။ ရှေးပညာရှိတို့သည် (န သတ်ကို န သတ်ချင်း) (မ သတ်ကို မ သတ်ချင်း) (ပ သတ်ကို ပသတ်ချင်း) (တ သတ်ကို တသတ်ချင်း) တူညီအောင် ဂရုပြု၍ စပ်ဆိုတတ်ကြသည်။

ယခုအခါတွင် အသတ်တူကာရန်များဖြင့် မရနိုင်သောအခါ အသတ်မတူ ကာရန်တို့ကို သုံးစွဲကြသည်ကိုလည်း တွေ့ရတတ်သည်။ အသံကို ပဓာနပြု၍စပ်သောနည်းဟု မှတ်ယူရန် ဖြစ်သည်။

ယင်းသို့ အသတ်တူ၊ အသံတူမစပ်ပဲ အသံတူကို အဓိကထား၍ စပ်ဆိုလျှင် ပညာရှိတို့ နှစ်သက်ပုံမရ။ 'င, ဥ , န, မ၊ တ, ပ နှစ်ရပ်၊ သံတူစပ်သော်၊ ပညတ်ခေါ်ထုံး၊ စာတုံး မည်ရ' ဟု မန်လည်ဆရာတော် မိန့်ဆိုခဲ့ဖူးသည်ကို ထောက်။

အခန်း (၄)

## သံပေါက်

သံပေါက်အဓိပ္ပာယ်။ ။ အသံကို ပေါက်ရောက် ပေါ်လွင်စွာ ဖတ်ရွတ်ရသော လင်္ကာတိုအမျိုးအစား ဖြစ်သည်။ မြန်မာကဗျာ စတင် သင်ကြားသောအခါ 'ကဗျာအစ သံပေါက်က' ဟု ဆိုရိုးရှိသည့်အတိုင်း သံပေါက်ကို ရှေးဦးစွာ သင်ကြားပေးလေ့ရှိသည်။ သံပေါက်သည် လေးလုံး စပ်လင်္ကာဖွဲ့နည်း၏အခြေခံ ဖြစ်သည်။ ကဗျာဖွဲ့နည်းအမျိုးမျိုးတွင် အလွယ်ဆုံးဖြစ်သည်။

သံပေါက်စပ်နည်းကို လွယ်လွယ်သိနိုင်ရန် 'အစ လေးလုံး၊ အလယ် သုံး၊ အဆုံး ငါး ခုနစ်' ဟူ၍ မှတ်သားလေ့ရှိသည်။

ပထမ သံပေါက်စပ်နည်း (၄ - ၃ - ၂)

(၁) အစပိုဒ်တွင် လေးလုံး ရှိရမည်။

(၂) အလယ်တွင် သုံးလုံး ရှိရမည်။

(၃) နောက်ဆုံးအချတွင် ငါးလုံး သို့မဟုတ် ခုနစ်လုံး ရှိမည်။

(၄) ကာရန်ယူပုံမှာ ၄– ၃– ၂ စနစ် ဖြစ်သည်။ အစပိုဒ် လေးလုံး အနက် စတုတ္ထနေရာ၊ အလယ်ပိုဒ် သုံးလုံးအနက် တတိယနေရာ၊ နောက်ဆုံး ပိုဒ် ငါးလုံး သို့မဟုတ် ခုနစ်လုံးအနက် ဒုတိယနေရာတို့ ကာရန်ညီရမည်ဟု ဆိုလိုသည်။

နမူနာ

| | |
|---|---|
| အစ လေးလုံး | – – – (+) |
| အလယ် သုံး | – – (+) |
| အဆုံး ငါး ခုနစ် | – (+) – – – ။ |
| | (သို့မဟုတ်) |
| | – (+) – – – – – ။ |

နမူနာပြ ကဗျာများ

| | |
|---|---|
| ၁။ ဖွဲ့နွဲ့ရေးစီ | – – – (+) |
| ကဗျာသီ | – – (+) |
| မေ့ဆီ ပေးလိုက်ရာ။ | – (+) – – – ။ |
| သံချိုစပ်လား | – – – (+) |
| တေးထပ်လား | – – (+) |
| မေကား မသိပါ။ | – (+) – – – ။ |
| ဖတ်ကြည့်ပြန်လျှင် | – – – (+) |
| သူ့စာယဉ် | – – (+) |
| မေ့တွင် မရှင်းပါ။ | – (+) – – – ။ |
| ချစ်ပါကြောင်းလား | – – – (+) |
| မုန်းကြောင်းလား | – – (+) |
| မေကား မသိပါ။ | – (+) – – – ။ |

ငွေတာရီ

၂။ ရောင်ခြည်ခြောက်သွယ်
ဘဝဂ်ကယ်
အံ့ဖွယ် ဆယ့်ရှစ်ဖြာ။
၃။ ရန့်မပြယ်
ပန်းစံပယ်
ခက်သွယ် နှာမောင်းဖြာ။
၄။ ပျိုပျိုရွယ်ရွယ်
နောင့်ဆွေမယ်
ချစ်ဖွယ်များသည်သာ။
၅။ မင်းဆက်ငါးသွယ်
ရှင်ဘို့မယ်
နန်းလယ်တင်သည်သာ။
၆။ ပိန်ကောလေ့ငယ်
မြစ်ပင်လယ်
အလွယ်မကူးသာ။
၇။ နှင်းတဖွဲဖွဲ
တပို့တွဲ
ပေါက်လဲငုံကားကား။
၈။ မရောင့်မရဲ
ဆားပျားမြဲ
အမဲတစ်နှင့်ငါး။
၁၀။ မိုးမရွာပဲ
ခူကိုလွှဲ
ခန့်ဆင်ကာထား။

၁၁။ နမ်း၍မကုံ
လှမျိုးစုံ
ပိုက်ခြုံတကွေးကွေး။
၁၂။ ချမ်း၍မလုံ
ခန်းရွှေဘုံ
တူစုံမစက်သေး။
၁၃။ ရွှေကြာပဒုံ
ပွင့်ဝါငုံ
ထုံထုံသင်းပျံ့မွှေး။
၁၄။ တိမ်ညိုပုံ့ပုံ့
မိုးအုံ့အုံ့
ဆော်လှုံ့မြောက်လေညင်း။
၁၅။ မပြန်မတုံ့
တပြုံ့ပြုံ့
ချစ်တုံ့မပြေလျှင်း။

စိန္တကျော်သူ ဦးဩ
ကဝိလက္ခဏာသတ်ပုံ

လေ့ကျင့်ခန်း

၁။ အောက်ပါစာပိုဒ်တို့ကို သံပေါက်ကဗျာ ဖြစ်လာအောင် ဖြည့်ပါ။
(က) မြသားကောက်ပင်
လယ်ယာပြင်
– (+) – – –။
(ခ) ညောင်းရွက်လေချီ
– – (+)
မပီပိုးတဝါး။
(ဂ) – – – (+)
ရွာသည့်မိုး
ပြည်ကျိုးအတွက်ပါ။

၂။ အောက်ပါအကြောင်းအရာတို့ကို သံပေါက်တစ်ပုဒ်စီ ဖွဲ့ပါ။
(က) တို့တောရွာ
(ခ) နံနက်ခင်း
(ဂ) ပန်းဥယျာဉ်

၃။ အောက်ပါ သံပေါက်များတွင် မှာသောနေရာများကို ပြင်ပေးပါ။
(က) သုံးလူ့ထိပ်ပန်း
ထွတ်ကြငှန်း
ပွင့်လန်းကျက်သရေ။

(ခ) စာကျက်ကြပါ
ညအချိန်
သာယာကြည်နူးဖွယ်။
(ဂ) ငွေကြယ်ဖြူဖွေး
ဆွတ်လို့ယူ
ဘယ်သူဖြစ်သနည်း။

ဒုတိယ သံပေါက်စပ်နည်း (၄ - ၃ - ၁)
ဤသံပေါက်စပ်နည်းတွင် ၄ – ၃ – ၁ ကာရန်ပုံစံကို သုံးသည်။
နမူနာ။ ။ နလုံးညစ်ညမ်း – – – (+)
လူမိုက်သွမ်း – – (+)
လမ်းကိုမသိနိုင်။ (+) – – – – ။

**နမူနာပြ ကဗျာများ**
(၁) တွင်းပြင် အိပ်ဖန်
အတန်တန်
မှန်စေရှင့် သစ္စာ။
(၂) တဖျောက်ဆိတ်ဆိတ်
မျက်စိမှိတ်
ပိတ်တုံ ဖုံးတုံ ဖွင့်။
(၃) လူပျင်း လူပြိန်း
စိတ်မထိန်း
ဘိန်းကို စား၍ မှိုင်။

ကဝိလက္ခဏာသတ်ပုံ

လေ့ကျင့်ခန်း
၁။ အောက်ပါတို့ကို သံပေါက်ဖြစ်အောင် ဖြည့်၍စပ်ပါ။
(က) ငွေနှင်းပုလဲ
ဆောင်းဦးပွဲ
(+) – – – – ။
(ခ) ကြိုတင်ပြင်ဆင်
– – (+)
သင်တို့အားထုတ်ကြ။
(ဂ) – – – (+)
တို့အားထား
နွားညီနောင်နှင့်ပါ။

မှတ်ချက်။ ။ သံပေါက်စပ်နည်း အခြေခံရလျှင် ငါးလုံးချနှင့်ဖြစ်စေ၊ ခုနစ်လုံးချနှင့်ဖြစ်စေ သင့်တော်သလို စပ်ဆိုနိုင်သည်။

ခုနစ်လုံးချရာတွင်လည်း –

“သမင်ချေငယ် – – – (+)
စိုင်ဒရယ် – – (+)
ဝေးနယ်ရှောင်ကြမြားမြောင်စွ။” – (+) – (✳) – – (✳)။

ဟူသကဲ့သို့ အဆုံးပိုဒ်တွင် စတုတ္ထနေရာနှင့် သတ္တမနေရာတို့ကို ကာရန်ညီအောင်စပ်ဆိုနိုင်သေးသည်။

ထို့ပြင် “နွယ်ပန်းပန်းခွာညို – – – – (+)
နှင်းစိုစို – – (+)
ပြာသိုဆောင်းလရက်” – (+) – – – ။

ဟူသကဲ့သို့ ပထမပိုဒ်တွင် ငါးလုံးထား၍ စပ်ဆိုသည်လည်းရှိသည်။ စိတ်ကူးဉာဏ်ရှိသလောက် ကွန့်မြူးစပ်ဆိုနိုင်ခွင့်ရှိသည်။ သံပေါက်စပ်နည်းအကျုံးညက်အောက် အကြောင်းအရာအမျိုးမျိုး၊ ကာရန်ယူပုံစနစ်အမျိုးမျိုး လေ့ကျင့်ကြည့်သင့်သည်။

အခန်း (၅)

## သံချပ်

**သံချပ်အဓိပ္ပာယ်**

ယိမ်းချင်း၊ နတ်ချင်း၊ လှေတော်သံ စသော သီချင်းတို့၏အကြား၌ ထည့်သွင်းချပ်ညှပ်၍ တိုင်ကာ ဖောက်ကာ သီဆိုရသော သီချင်းသံတိုမျိုး ဖြစ်သောကြောင့် 'သံချပ်' ဟုခေါ်သည်။

**စပ်နည်း**

သံချပ်စပ်ရာတွင် အတိုင်၊ အဖောက် တစ်စုံစီ ပါရမြဲဖြစ်သည်။

အတိုင်ပိုဒ်တွင် ခုနစ်လုံးခံ၍ အပေါက်ပိုဒ်တွင် ခုနစ်လုံးဖြစ်စေ၊ ရှစ်လုံးဖြစ်စေ အုပ်ရသည်။ ကာရန်ယူပုံမှာ ၇ – ၃ သို့မဟုတ် ၇ – ၄ ဖြစ်သည်။

**နမူနာ**

အတိုင်။ ။ ဘုန်းတော်ကြီးလို့ သက်တော်ရှည် (ရှေ)

– – – – – – +

အဖောက်။ ။ တို့တတွေ ရေချမ်းအိုးကြီး

– – + – – – – ။

**နမူနာပြ ကဗျာများ**

၁။ မိုးလားကွဲ မောင်တို့ မောင်တို့။
လေလားကွဲ မောင်တို့ မောင်တို့။ (သံချပ်အချီ)

၂။ ဘုန်းတော်ထွန်းလို့ လေးကျွန်းသာ
ရွှေမြို့အောင်ချာ နတ်ပြည်အလား

၃။ ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ
အမောပြေအောင် တိုက်ပါ့မမ။

၄။ ရွှေလက်ခုပ် အုပ်ကာတီး
ပျောသီးမှည့်မှည့် စားရအောင်။

၅။ အိုးစည်သားများ ကျက်သရေ
ကမ္ဘာသချေ ပြောလို့မဆုံး။

၆။ တေဇာ ဝေဖြာ ကြေငြာကျော်
မိုးပေါ် ဘိုးတော် မ တဲ့ရပ်သား။

၇။ ဟေ့လား မောင်တို့ ဝါး။ (သံချပ်အချ)

ယခုအခါ သကြင်္န်ပွဲတွင် သံချပ်ကဗျာများ အထူးခေတ်စားသည်။ သံချပ်ဝိုင်းများကို လူအများ ဝိုင်းအုံနားထောင်ကြသည်။ တိုင်းပြည်၌ ပြုပြင်စရာကိစ္စများကို လှောင်ပြောင်ရယ်မောယင်း ဟာသဉာဏ် ပါသော အကျိုးပြုအသိပေးသံချပ်များ စပ်ဆိုသည်မှာ မြန်မာ့အစဉ်အလာတခု ဖြစ်ပေသည်။

လေ့ကျင့်ခန်း

၁။ သံချပ်၏အဓိပ္ပာယ်ကို ရှင်းပြပါ။

၂။ ကျောင်းသန့်ရှင်းရေး လုပ်အားပေးပွဲအတွက် သံချပ် ၁၀ ပုဒ်ခန့် ရေးစပ်ပါ။

၃။ နမူနာပြ သံချပ်များ၏ ကာရန်ယူပုံစနစ်များကို ဖော်ပြပါ။

အခန်း (၆)

## လေးလုံးစပ်လင်္ကာ

### လေးလုံးစပ်လင်္ကာအဓိပ္ပာယ်

လေးလုံးလျှင် တစ်ပါဒစပ်ဆိုရသော ကဗျာအဖွဲ့ ဖြစ်သည်။ လင်္ကာ ဆိုသည်မှာ အလင်္ကာရမှ ဆင်းသက်လာသော စကားဖြစ်သည်။ တန်ဆာ ဆင်ခြင်းဟု အဓိပ္ပာယ်ရသည်။ မြန်မာကဗျာတွင် အသုံးများသော ကဗျာ အဖွဲ့ဖြစ်သည်။ ပုဂံခေတ်မှ ယနေ့ခေတ်အထိ လေးလုံးစပ် လင်္ကာနည်းကို သုံးလေ့ရှိသည်။

### စပ်နည်း

သံပေါက်စပ်နည်းကို နားလည်လျှင် လင်္ကာစပ်နည်းကို အလိုလို နားလည်နိုင်သည်။ လေးလုံးလျှင် တစ်ကြိမ်ဖြတ်တောက်၍ စည်းဝါးမှန်မှန် ဖွဲ့ရသည်။ ဖွဲ့သောအခါ အောက်ပါပုံစံအတိုင်း ကာရန်ယူ၍ ဖွဲ့ဆိုရသည်။

(၁) ၄ – ၃ – ၂ နည်း
(၂) ၄ – ၃ – ၁ နည်း
(၃) ၄ – ၁ နည်း
(၄) ၄ – ၂ နည်း
(၅) ၃ – ၁ နည်း
(၆) ၃ – ၂ နည်း
ဟူ၍ စပ်ဆိုနိုင်သည်။

အထူးမှတ်ရန်မှာ လေးလုံးစပ်လင်္ကာတွင် ၄ – ၃ – ၂ စပ်နည်းသည်အခြေခံဖြစ်သည်။ ထိုမှဆင့်ပွား၍ အမျိုးမျိုးဖြာထွက်လာခြင်း ဖြစ်သည်။

အောက်ပါ နမူနာများကို ကြည့်ပါ။

(၁) ၄ – ၃ – ၂ နည်း

| | |
|---|---|
| ဘယ်တောဘယ်**မြိုင်** | – – – (+) |
| မသိ**နိုင်**ခဲ့ | – – (+) – |
| မခိုင်စိတ်**ဝမ်း** | – (+) – (✳) |
| နေ့တိုင်း**လွမ်း**မျှ | – – (✳) – ။ |

(၂) ၄ – ၃ – ၁ နည်း

| | |
|---|---|
| ကဗျာမြိုင်**တွင်** | – – – (+) |
| ပန်းလွင်**လွင်**ကို | – – (+) – |
| **သင်**ခူးလိုက | (+) – – (✳) |
| ခူးပန်**ကြ**လေ့ | – – (✳) – |
| **လှ**သည့်မြတ်**ပန်း** | (✳) – – (+) |
| ခိုင်လုံး**လန်း**၏။ | – – (+) – ။ |

(၃) ၄ – ၁ နည်း

| | |
|---|---|
| ပထမ**ရှယ်** | – – – (+) |
| **ငယ်**သော်ကတည့် | (✳) – – – |

(၄) ၄ – ၂ နည်း

| | |
|---|---|
| တသန္တေ**ခေ** | – – – (+) |
| တ**ပေ**လျှဉ်း**လျှဉ်း** | – (+) – (✳) |
| တ**ညှဉ်း**ဆိုး**ဆိုး** | – (✳) – (+) |
| တ**ညှိုး**လျှလျှ | – (+) – (✳) |
| တ**တ**လွမ်း**လွမ်း** | – (✳) – (+) |
| တ**သမ်း**ဟယ်**ဟယ်** | – (+) – (✳) |
| တ**တွယ်**တာ**တာ** | – (✳) – (+) |
| တ**ဟာ**လှိုက်**လှိုက်** | – (+) – (✳) |
| တ**ရှိုက်**ငင်**ငင်** | – (✳) – (+) |
| တ**ပင်**ပန်းပန်း | – (+) – (✳) |

(ဤရေးနည်းကို ရထားပြေး စပ်နည်းဟုလည်း ခေါ်သည်။)

(၅) ၃ – ၁ နည်း

| | |
|---|---|
| ခုနစ်**ထွေ**လျှင် | – – (+) – |
| **ရေ**နှင့်တောင်ထပ် | (+) – – – |

(၆) ၃ – ၂ နည်း
အောင်ချာ**မည်**သား – – (+) –
ရွှေပြ**ည်**ဦးစွန်း – (+) – –

ဤစပ်နည်း (၆)မျိုးအပြင် အခြားနည်းများလည်း ရှိနိုင်ပါသေးသည်။ထို့ရာတွင် ကျယ်မည်စိုး၍ ကျောင်းသူ ကျောင်းသားများနှင့် သင့်ရုံသာ ပြလိုက်ပါသည်။

လေးလုံးစပ်လင်္ကာ

ကာရန်သုံးချက်စလုံး အသတ်လည်းညီ၊ ကာရန်လည်းညီ၍ ၄ – ၃ – ၂ နည်းနှင့်စပ်ဆိုလျှင် **သုံးချက်ညီစပ်နည်း** ဟု ရှေးကခေါ်ကြသည်။

နမူနာ
နထွားထွတ်**ထွတ်**
ရေမှ**လွတ်**သည့်
ခွေ**ညွတ်**ကြာတိမ်း။

၄ – ၁ နည်းဖြင့်စပ်ဆိုလျှင် **ဦးတိုက်စပ်နည်း** ဟု ရှေးကခေါ်ကြသည်။

နမူနာ
သကြ်န်နှစ်**ဆန်း**
**ပန်း**ကကွ့်ကော်

၄ – ၂ နည်းဖြင့် စပ်ဆိုလျှင် ဖြစ်စေ၊ ၃ – ၂ နည်းဖြင့် စပ်ဆိုလျှင်ဖြစ်စေ ကာရန်တူစပ်ဆိုလျှင် **ဘီလူးရယ်စပ်နည်း** ဟု ရှေးက ခေါ်ကြသည်။

နမူနာ
(က) သည်တွင်ရွှေ**မြို့**
သည်**သို့**စေတီ
(ခ) ပေါ်နွေ**လ**လျှင်
တောင်**က**ခြိမ့်မြူး

လင်္ကာတစ်ပုဒ်တွင် စပ်နည်းအမျိုးမျိုးရောနှော၍ စပ်ဆိုနိုင်သည်။ အကြောင်းအရာနှင့် လိုက်ဖက်အောင် စပ်နည်းတစ်မျိုးတည်းကိုဖြစ်စေ၊ နှစ်မျိုး သုံးမျိုးကိုဖြစ်စေ ရောနှော၍ စပ်ဆိုကြသည်။ ထိုကာရန်အစပ် တို့ကို သိနားလည်အောင် အားထုတ်ကြရာသည်။

လင်္ကာအချပိုဒ်များ

လင်္ကာ၏ အဆုံးသတ်အချပိုဒ်တွင် လေးလုံးဖြင့်ချထားသည်လည်း ရှိသည်။ ခုနစ်လုံးဖြင့် ချထားသည်လည်း ရှိသည်။ ခုနစ်လုံး အချပိုဒ်နည်းကို **ခိုင်ညွတ်ခက်ဖြာချနည်း** ဟုခေါ်ကြသည်။

လေးလုံးချနည်း

သခင်မွန်ကို
ချန်ဘိ**စင်**စစ်၊ အပြစ်မဲ့ရေး
ခွင့်**လျှင်**ပေး၏။ သွေးသည်**အနိစ္စာ**
ငါ့**ခန္ဓာ**တည့်။

ခုနစ်လုံးချနည်း

(က) ရွှေကြာနေဝယ်
လှမ်းသောနှယ်သို့
ညှိုးငယ်တသမ်းသမ်းတကား။
(ခ) ရှင်နှောင်းရှုံ့တွ
သားထွေးလှကို
မိဘငါတို့ ကျွေးမည်ဖို့။

နမူနာပြကဗျာများ

၁။ မြကန်သာ
တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်
ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်
ဘုံဝတီသာ၊ နန္ဒာပေလော
တူစွဟုတ္တာ။
၂။ သိုးကလေ
ပုပ္ပားနတ်တောင်
အခေါင်မြင့်ဖျား၊ စုံတောပြား၌
နံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည်
ရွှေနှင့်ယိုးမှား၊ ပန်းစကား။
သိုးကလေ
စကားပွင့်နှင့်
နှိုင်းတင့်နိုးသည်၊ ရဲမျိုးသမီး
မောင်ကြီးနှမ၊ ညက်လှပြာစင်
မယ့်သည်ပင်သည် ခရီးသား။
သိုးကလေ
မြိတ်လွတ်စုလည်း
အငယ်တည်းက၊ ကျွမ်းဝင်ကြသည်
မွေးဖတူရင်း၊ မျိုးသည်မင်းနှင့်
ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်
နှလုံးမခြား၊ စောင့်တရား။
ဆွေမိမင်း
မျက်သုတ်နီစင်

ရထည်းဖျင်နှင့်၊ ကျိုင်းစင်မြဝါ
မတ်ကြီးလျာကို
မယ်သာကြိုက်မိ၊ တုမရှိ။

၃။ သံဝေဂလင်္ကာ

– အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား၊ တိမ်တခဲနက်၊ ကြည့်ယင်း ပျက်သို့၊ မျက်စိအောက်တွင်၊ ပျောက်လွင့်စဉ်၍၊ သင်္ခါရစက်၊ သူ့ပိုင်နက်၌၊ သွက်သွက်လည်ကာ၊ ပါရှုသည်၊ ခန္ဓာအနိစ္စပါတကား။

ဘုံနန်းတိုက်အိမ်၊ သူ့စည်းစိမ်နှင့်၊ ဂုဏ်သိရ်မောက်ဖြိုး၊ ဘုန်းတန်ခိုးလည်း၊ မိုးသို့ချွန်းစေ၊ ပညာတွေလည်း၊ တောင်မြေတရှို၊ စွမ်းသတ္တိလည်း၊ မိဂရာဇာ၊ သို့ဖြစ်ပါလည်း၊ သင်္ခါရမင်း၊ သူ့ခြေရင်း၌၊ ခွေစင်းမာန်ချိုး၊ ဦးညွတ်လျှိုးသည်၊ ဘုန်းမျိုးမကယ်နိုင်ပါတကား။

– ပုဂ္ဂိုလ်တွင်မည်၊ ခေါ်ကြမည်ကား၊ ဖွဲ့နည်ရင်းမြစ်၊ ရာ၍စစ်သော်၊ ဖြစ်လျှင်ပျက်ငြား၊ ခန္ဓာငါးတည့်၊ တရားထင်မှု၊ မူရင်းရှုက၊ နှစ်ခု ဇောန်၊ ရုပ်နှင့်နာမ်တည့်၊ ဖောက်ပြန်တတ်လှ၊ သင်္ခါရမို့၊ နိစ္စခိုင်ကျည်၊ မြဲမတည်သည်၊ ပျက်မည်မုချပါတကား။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး

၄။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည့်။

– ရွှေအိမ်နန်းနှင့်၊ ကြငှာန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံ ရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည့်။

– ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ် စသာ၊ သတ္တဝါတည့်။

– ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တွန်မူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစစ်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာ တည့်။

အနန္တသူရိယ

လေ့ကျင့်ခန်း

၁။ လေးလုံးစပ်လင်္ကာ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

၂။ ၄ – ၂ စပ်နည်းခေါ် ရထားပြေးစပ်နည်းကို ကဗျာနမူနာပြ၍ ရှင်းပြပါ။

၃။ အောက်ပါအကြောင်းအရာတို့ကို လင်္ကာတိုများ ဖွဲ့ပါ။

(က) ကျောင်းသာယာ

(ခ) လူငယ့်အားမာန်

(ဂ) မိုးဦးရှုခင်း

၄။ အောက်ပါလင်္ကာတွင် ကာရန်များကိုရှာ၍ ကာရန်ယူပုံစနစ်ကိုပါ ဖော်ပြပါ။

ရွှေအိမ်နန်းနှင့်၊ ကြငှာန်းလည်းခံ
မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ၊ မင်းချမ်းသာကား
သမုဒ္ဒရာ၊ ရေမျက်နှာထက်
ခဏတက်သည့်၊ ရေပွက်ပမာ
တစ်သက်လျာတည့်။ ။

၅။ အောက်ပါလင်္ကာတွင် လိုနေသော ကာရန်များကို ဖြည့်၍ဖွဲ့ပါ။

(က) ကျွန်းအပိုင်း–
တိုင်းအတည်–
ပြည်အစို့–
မြို့အခန်း–
နန်းအသီး–
ထီးအဆူ–

(ခ) နွေဦးကာလ
မြူမှုန်–၍
မှိုင်း–ဝေဝေ
လွမ်းဖွယ်–တည့်။

(ဂ) ဝင်းဝင်းဝါဝါ
ပန်းမာ–သည်
သင်းကာမွှေး–
ရနံ့ချူလျက်
–တကာကို
ကြည်စေလို၏။

၆။ အောက်ပါလင်္ကာစပ်နည်းတို့ကို ရှေးက မည့်သို့ခေါ်ကြသနည်း။

(က) အသတ်တူ အသံတူ ၄ – ၃– ၂ စပ်နည်း

(ခ) ၄ – ၁ စပ်နည်း

(ဂ) ၃ – ၂ စပ်နည်း

၇။ သင်ရှိသော လင်္ကာတပုဒ်ကိုရွေး၍ မည်သည့်ကာရန်ယူပုံစနစ်ဖြင့် စပ်ထားသည်ကို ဖော်ပြပါ။

အခန်း (၇)

## ရတု

### ရတုအဓိပ္ပာယ်

ရတုဆိုသည်မှာ သဘင်၊ အခမ်းအနား၊ အခြေအနေဟူ၍ အဓိပ္ပာယ် ရှိသော မြန်မာစကားဖြစ်သည်။ အချို့က သက္ကတဘာသာ 'ရိတု'မှဆင်းသက် ၍ ရတုဖြစ်လာသည်ဟု မိန့်ဆိုကြသည်။ ရိတု ဟူသော သက္ကတစကားသည် အခါရာသီဟု အဓိပ္ပာယ်ရသည်။

### ရတုစပ်နည်း

ရတုစပ်နည်းမှာ လင်္ကာစပ်နည်းကဲ့သို့ပင်ဖြစ်သည်။ ၄ – ၃ – ၂ နည်း၊ ၄ – ၃ – ၁ နည်း၊ ၄ – ၁ နည်း စသော စပ်နည်းတို့ဖြင့် ကာရန်ယူရသည်။ သို့ရာတွင် အပိုဒ်အရေအတွက်ကိုလိုက်၍ ရတုအမျိုးအစား သုံးမျိုးခွဲထားသည်။

(၁) ဧကပိုဒ် ရတု

(၂) ပိုဒ်စုံ ရတု

(၃) အဖြည့်ခံ ရတု

ဟူ၍ဖြစ်သည်။

### (၁) ဧကပိုဒ် ရတု

တစ်ပိုဒ်တည်းသာ ရေးစပ်သော ရတုကို ဧကပိုဒ်ရတုဟုခေါ်သည်။ စပ်နည်းမှာ လင်္ကာစပ်နည်း အတိုင်းဖြစ်၍ ရတုချရာတွင် ခိုင်ညွှန့်ခက်ဖြာ ချနည်းခေါ် ခုနစ်လုံးချနည်းကို အသုံးများသည်။

ကုန်းဘောင်ခေတ်ဦး စာဆို လက်ဝဲသုန္ဒရ အမတ်ကြီး၏ "အဆိုင်ဆိုင်လျှင်"အစချီ မဲဇာသစ်တောဘွဲ့ ဧကပိုဒ်ရတုကို ကြည့်ပါ။ အပိုဒ် တပိုဒ် တည်းဖြင့် မဲဇာသစ်တော၏ သဘောသရုပ်ကို ပေါ်လွင်အောင် ခြုံငုံဖွဲ့ဆိုထားသည်ကို တွေ့နိုင်ပါသည်။

"အဆိုင်ဆိုင်လျှင်၊ တောမြိုင်လည်လှည့်၊ ကမ်းလုံးပြည့်မျှ၊ ရှုကြည့်လေရာ၊ ကြောက်ဖွယ်သာတည့်၊ ပြာပြာလွလွ၊ မှိုင်းပျမှောင်မှောင်၊ တောနှင့်တောင်လည်း၊ တိမ်တောင်မိုးရှိ၊ ထွေးယှက်ငြိမျှ၊ လွမ်းမိစဖွယ်၊

ကောင်းကင်လယ်၌၊ တောင်လယ်တောင်ထိပ်၊ မိုးညိုရိပ်နှင့် တိမ်လိပ်ဆော်ညွှန်း၊ စ၍ ထွန်းသည်၊ နေဝန်းပေါ်လွယ်ချင်ဘိသည်။"

(၂) ပိုဒ်စုံ ရတု

ရတုတွင် သုံးပိုဒ်လျှင် တစ်စုံဟု ခေါ်သည်ဖြစ်ရာ သုံးပိုဒ်ဖွဲ့ဆိုလျှင် ပိုဒ်စုံရတု ဟုခေါ်ဆိုကြသည်။ ထူးခြားသည်မှာ အပိုဒ်တိုင်း၌ အချီကာရန် ချင်း၊ အချကာရန်ချင်း ညီညွတ်ရခြင်းဖြစ်သည်။

ဤတွင် စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး၏ "မဲဇာတောင်တောင်ခြေ" အစချီ ပိုဒ်စုံရတုကိုပင် သာဓကပြပါမည်။ အမတ်ကြီးသည် မဲဇာသစ်တော၏ သဘောသရုပ်နှင့် မိမိ၏ဘဝခံစားချက်တို့ကို ရတုသုံးပိုဒ်ဖြင့်ပေါ်လွင်အောင် ဖွဲ့ဆိုထားသည်ကို တွေ့မြင်နိုင်ပါသည်။

ပထမပိုဒ်တွင် "မဲဇာတောင်ခြေ" အစချီသည်။ ဒုတိယပိုဒ်တွင် "သဲသာသောင်ခြေ" အစချီသည်။ တတိယပိုဒ်တွင် "ပွဲခါညောင်ရေ" အစ ချီသည်။ ရတုကို အဆုံးသတ်ရာတွင် အချကာရန်ချင်း တူညီရသည်ကို ကြည့်ပါဦး။

ပထမပိုဒ်တွင် "ရွှေပြည်ဌာန ဝေးသောကြောင့်" ဟု ချသည်။

ဒုတိယပိုဒ်တွင် "လေပြည်လာက အေးသောကြောင့်" ဟု ချသည်။

တတိယပိုဒ်တွင် "နေခြည်ဖြာမှ နွေးသောကြောင့်" ဟု ချသည်။

များသောအားဖြင့် ရတုတွင် အချီညီ အချညီခြင်းသည် အဓိက ဖြစ်သည်။

အဖြည့်ခံ ရတု

အဖြည့်ခံ ရတုဆိုသည်မှာ စာဆိုတစ်ဦးက အချီညီ အချညီ ရတု နှစ်ပိုဒ်ကိုသာလျှင် ရေးဖွဲ့ထားသော ရတုမျိုးဖြစ်သည်။ နောက်နောင်း ပညာရှိတို့ဖြည့်လိုလျှင် ဖြည့်ကြလေ့ဟူ၍ တတိယပိုဒ်ကို အဖြည့်ခံရန် ကွက်လပ်ချန်ခဲ့ခြင်း ဖြစ်သည်။

စာဆိုအချင်းချင်း ဉာဏ်ကစားသော ရတု၊ စိန်ခေါ်သောရတု ဟု ဆိုနိုင်ပေသည်။ အောက်ပါပုံစံကို ကြည့်ပါ။

ညို့ညို့ပြာပြာ၊ ဆင်းပြင်လျာမူ
ပြစ်မှာမစက်၊ ဆယ်နှစ်သက်က
ချောညက်ညွတ်သွယ်၊ နတ်နှင့်ဆွယ်၍
ရွယ်လည်းရွယ်ပျို၊ ညိုလည်း ညိုဝင်း
ဖြူရှင်းရောရ၊ နောင့်သက်စုကို
နှိုင်းရှုချေမူ၊ ထွားပြာ ဖြူသည်
မတူ၏သို့ တူ၏သို့။
မိုမို့အကာ၊ မိုးဒေဝါလျှင်
ဗယ်ညာတောင်မြောက်၊ လေပြည်လျှောက်၍
ဖြိုးဖြောက်ရိုးရဲ၊ လျှပ်ပန်းကြဲလျက်
မစဲညင်းညင်း၊ ကျူးတည့်လျှင်း၍
ပဝင်းလှည့်လို၊ လွမ်းစိမ့်ဆိုသို့
လေချိုပေါင်းညီ၊ ရုံးစုပြီမှ
မယ့်ဆီတူရူ၊ သည်မိုးဖြူသည်
ကလူ၏သို့ မြူ၏သို့။

အထက်ပါ ရတုကို စာဆိုတော် နဝဒေးက နှစ်ပိုဒ်မျှသာ ရေး၍ အဖြည့်ခံရတုအဖြစ် ဖွဲ့ခဲ့သည်။ နဝဒေးက ကွက်လပ်ချန်ထားသော တတိယပိုဒ်ကို ရှင်သူရဲက အောက်ပါအတိုင်း ဖြည့်၍ ဆိုခဲ့သည်။

သို့သို့သာသာ၊ မယ့်နေရာသို့
အာကာမှိုင်းဝေ၊ နေ့တိုင်းစေက
သက်ဝေမြဲခဲ၊ သူရဲကြောင့်သာ
လွမ်းဗျာပါမူ၊ တိမ်ပြာမကွက်
တိမ်နက်မည်းမှိ့၊ တိမ်ခြေညို့နှင့်
ထပ်ပို့မစဲ၊ ရွာသွန်းကြဲက
ပုလဲပမာ၊ ဆင်းကလျာလျှင်
သစ္စာမြဲတူ၊ တလျက်ရှုသည်
မဖြူ၏သို့ ဖြူ၏သို့။ ။

ရှင်သူရဲ

ရတုလောကတွင် နဝဒေး၊ နတ်ရှင်နောင်၊ လှော်ကားသုံးထောင်မှူး၊ ဇေယျရန္တမိတ်၊ ရှင်သံခို၊ စိန္တကျော်သူ၊ လက်ဝဲသုန္ဒရ စသောပုဂ္ဂိုလ်များ ထင်ရှားခဲ့သည်ဖြစ်ရာ ရှေးက ရတုအမျိုးမျိုးကို ရှာဖွေလေ့ကျက်စေလိုပါသည်။

ရတုအမျိုးမျိုးအနက် ထူးခြားဆန်းသစ်သော ရတုတစ်ပုဒ်ကို ဖော်ပြလိုသည်။ ထိုရတုမှာ အခြားရတုများနှင့်မတူ၊ တစ်မူထူးခြားသည်။ ပိုးတောင့်တဲများ လမ်းသွားသောအခါ ကိုယ်ကာယသည် တွန့်ချည် လိမ်ချည်၊ ပိန်ချည် ဖောင်းချည် တစ်လှည့်စီရှိတတ်သကဲ့သို့ လေးလုံး တစ်ပါဒ၊ ငါးလုံး တစ်ပါဒ တလှည့်စီစပ်ဆိုရသောရတု မျိုးဖြစ်သည်။ ထိုရတုမျိုးကို တောင့်တဲတွန့် ရတု ဟုခေါ်ကြသည်။ ရှင်မဟာရဋ္ဌသာရ၏ **"ဝဏ္ဏပဘာ"** ချီ တောင့်တဲတွန့် ရတုကို ပုံစံအဖြစ် လေ့လာကြည့်ပါ။

**"ဝဏ္ဏပဘာ**၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့် စံပယ်၊ လှမျိုးကြွယ်သား၊ ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို၊ နတ်တို့ ဆင်ထိုက်တန်၊ ဆင်းစုံကြန်တည့်၊ အလွန်ရပေခက်၊ ဖြူမြိတ်ရွက်နှင့်၊ လက်လက်မြရောင်ပြေး၊ ရွှေရည်ရေးသို့၊ ပျံ့မွှေးရွှေအင်္ကျီ၊ ရွှေထဘီနှင့်၊ မျက်စီရွှေနားတောင်း၊ နွဲ့နွဲ့နှောင်းမှု ရောင်မောင်းကွမ်းရည်သွား၊ သက်တင်လားသို့၊ လက်ဖျားဒန်းနီရောင်၊ လှတန်ဆောင်မူ၊ မျက်တောင်ကော့ညွတ်သေး၊ စုတ်ဖြင့်ရေးသို့၊ ကြိုင်အေးကတိုးရည်၊ ထုံမျိုးချည်၍၊ နတ်ပြည် မိုးသူဇာ၊ ပျံသက်လာသို့၊ ရူသာတင့်စနိုး၊ လှခေါင်မိုး၍၊ ပြစ်မျိုးမဲ့မထင်၊ နတ်ရုပ်သွင်သို့၊ ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို၊ ညခင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်၊ **ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့။**

**ဒေဝစ္ဆရာ**၊ ပြင်လျာတင့်ဆင်းရောင်၊ ရွှေကြက်တောင်ဝယ်၊ လှခေါင်တင့်မျိုးလွတ်၊ ဆယ့်နှစ်ပတ်လျှင်၊ ရစ်ပတ်ခြူးမြွောင်စီ၊ ရွှေထဘီနှင့်၊ အာနီသိန်းတန်မျိုး၊ ရွှေခါးကြိုးလည်း၊ စံမျိုးနေ့တိုင်းပင်၊ အဲ့ဆြောင်၍၊ ကျွန်းတွင်ဇမ္ဗူလုံး၊ ပြိုင်တိုင်းရှုံးသည်၊ ပြစ်လုံးကင်းဝေးစွာ၊ မိုးသူဇာသို့၊ ဆည်းဆာညရီတွင်၊ ကျွန်ုပ်မြင်သည်။ **ရွှေရင်ဖုံးတုံ့ မဖုံးတုံ့။**

**ပဥ္စကလျာ**၊ ညီပြာတင့်ဆင်းရောင်၊ ရွှေကြက်တောင်ဝယ်၊ ဖြူရောင်ရထည်းဆွ၊ သွယ်ခွေချ၍၊ ထွန်းပကိုယ်ရောင်ဝင်း၊ ပြာနွဲ့ရှင်းမူ၊ ပုံ့ရွှင်းနံ့သာပျောင်း၊ မမွှေးတောင်းတည့်၊ တင့်ကြောင်းမွှေးစံပယ်၊ ရှုချင်ဖွယ်တိ၊ နိကာယ်ဆင်းရောင်မြေ့၊ ဆယ်နှစ်စေ့ကို၊ ကြဲရွှေ့သံရည်ထင်၊ မြင့်ကြတင်ခဲ့၊ ပြင်အင်နတ်နှင့်လျော၊ ပြာနွဲ့ချောလျှင်၊ တင့်မောလွန်ကျစ်လျစ်၊ စုလည်းသစ်နှင့်၊ ပြေပြစ်ဆင့်ဆုံဆည်း၊ မိညက်ကြည်းသည်၊ **စုလည်းထုံးတုံ့၊ မထုံးတုံ့။"**

ရှင်မဟာရဋ္ဌသာရ

မြန်မာစာပေသမိုင်းတွင် ရတုအမျိုးမျိုး ထွန်းကားခဲ့သည်။ ရတုချီ နည်းများကို စာဆိုတို့ စိတ်ကူးဉာဏ်အမျိုးမျိုး ကွန့်မြူးခဲ့ကြသည်။ ရတုချနည်းမှာလည်း အမျိုးမျိုးထွေပြားခဲ့ကြသည်။ "ရတုချဖွယ်၊ အသွယ်သွယ်၊ ခြောက်ဆယ်ကြိယာ" ဟူ၍ပင် စိန္တကျော်သူဦးဩ က ကဝိလက္ခဏာ သတ်ပုံကျမ်းတွင် ဆိုခဲ့သည်မဟုတ်ပါလော။

ရတုချဖွယ်ကြိယာ (၆၀)

| | | | | | |
|---|---|---|---|---|---|
| လျှင် | လျှင်း | မူကား | ဝယ် | သား | တမင့် |
| ချိမ့် | ဖြင့် | တွင် | ၏ | ပိမ့် | လှည့် |
| မည် | အံ့ | လော | တုံ | မုံ့(တည့်) | သော် |
| ခံ့ | ဘူး | သော | မူ လော | ရကား | မူ |
| အား | မှ | က | လိမ့်စွ | တုံ့ | လည်း |
| တိ | တည်း | ချည်း | ဟူ | ခဲ့ | နည်း |
| နိုက် | လျက် | ကြောင့် | ထက် | မို့ | လည် |
| စံ | သည် | စိမ့် | နှင့် | တုံ့ | လင့် |
| တည့် | တော့ | ကား | လော့ | ၍ | သို့ |
| မျှ | တို့ | ၄ာ | ရှင့် | တမုံ့ | (နှင့်) ကို |

အထက်ပါကြိယာ (၆၀) သည် ရတုချရာတွင် အသုံးပြုလေ့ရှိသော ကြိယာများပင်ဖြစ်သည်။ ယခုအခါတွင် ရတုအရေးအသား နည်းပါးလာခဲ့ပြီ။ သို့ရာတွင် အချို့ခေတ်သစ်စာဆိုတို့သည် ရတုငယ်များ ရေးဖွဲ့ကြသေးသည်။ ကြိယာအချများကိုလည်း တစ်မျိုးတစ်ဖုံ တီထွင်ဆန်းသစ်၍ ရေးဖွဲ့တတ်ကြသေးသည်။ ကဗျာစာဆိုသည် တီထွင်သူ၊ စိတ်ကူးဉာဏ် ထက်မြက်သူဖြစ်လေရာ ရှေးရိုးရေးစဉ်သမားစဉ်ကို ကျွမ်းကျင်နိုင်နင်းပြီဆိုလျှင် အသစ်တီထွင် ဖန်တီးနိုင်ခွင့်ရှိကြောင်း သတိပြုရန် ဖြစ်သည်။

နမူနာပြ ကဗျာများ

၁။ နှစ်ကူးလည်၍၊ မိုးစည်ပုံ့ပျူး၊ ဆော်ရိုက်ကျူးက၊ အထူးတလည်၊ တဆန်းမည်သည်၊ တို့ပြည်ပြဖွှာ၊ အရှေ့မှာနှင့်၊ ဘာသာမတူ၊ ရခိုင်မူကား၊ လူလည်းတထွေ၊ ရေလည်းတခြား၊ ဖျားလည်းတက်သက်၊ ကြောက်မက်ချင်ဖွယ်၊ ပင်လယ်ချောင်းမြောင်း၊ မကြီးတောင်းတည့်၊ ဆောင်းဆောင်းဆိုင်းဆိုင်း၊ ပြိုင်းရရိုင်းတိမှိုင်းမှိုင်းအုပ်ထွေ၊ ဝေဝေမို့မို့၊ ညို့ရရို့နှင့်၊ မြသို့ရှိမ်းရှိမ်း၊ ခပ်သိမ်းတောတောင်၊ ကုန်အောင်ပ်တုံး၊ မြော်မဆုံးသည်၊ နှလုံးများဖွယ်ရှိလှ၏။

– ထစ်ကျူးမြည်၍၊ တိမ်ခြည်မမြင်၊ ထက်ကောင်းကင်က၊ သို့ပင်မနေ၊ နေ့တိုင်းစွေသော်၊ လွမ်းထွေများဖွယ်၊ အသွယ်သွယ်လျှင်၊ ငယ်ရွယ်အစစ်၊ အောက်မေ့လစ်က၊ မနှစ်မရှား၊ ကျွန်းထင်းပါးသို့၊ စကားထက်မြက်၊ ညီပေလျက်ဟု၊ စိုက်စက်လည်းခေါ်၊ ကျော်သည်ဝေးနည်း၊ ဘုရားကြီးက၊ ဖြင်ညီးကုန်အောင်၊ ရွှေတောင်ရှင်ချစ်၊ မွေနှစ်ပည်းဖြင်၊ မြို့လည်တွင်၌၊ ဘုရင်စေတီ၊ အညီသင့်လျော်၊ အရာတောကို၊ မနော်မျက်ရှု၊ ကြေးမုံပြု၍၊ ကောင်းမှုလည်ပွား၊ ကံသုံးပါးဖြင့်၊ စကားနှစ်ပင်၊ ပူဇော်တင်၍၊ စိတ်ရွှင်ကြည်ဆုံး သီတင်းသုံးသည်၊ အဆုံးဖျားဝယ် ငြိလှ၏။

ရှစ်ဦးတည်၍၊ ရွှေပြည်ရွှေနန်း၊ ရွှေဘုံကျွန်းဝယ်၊ မော်ကွန်းထားလှည့်၊ လုံးစုံပြည့်သား၊ ဆီတည့်လက်ယာ၊ နေထွက်ရာက၊ ကမ္ဘာစဉ်တိုင်း၊ တုဖက်နိုင်းသား၊ စစ်ကိုင်းပင်းယ၊ အဝမင်းဝံ၊ ပုဂံအကြေ၊ သရေခေတ္တရာ၊ ထိုရပ်မှာကား၊ သို့ခါအလို၊ ဝါဆိုမိုးလ၊ ရောက်လေကလျှင်၊ တုပစီရင်၊ မြတ်ဆံရှင်ဝယ်၊ သဘင်ပွဲကြီး၊ အဖြိုးဖြိုးတည့်၊ ဆီမီးမဆုံး၊ သီတင်းသုံး၍၊ နေ့လုံးမချာ၊ တရားနာမှ၊ သဒ္ဒါမြတ်လေး၊ ဆွမ်းလုပ်ကျွေး၍၊ အရေးတခြား၊ တပါးသည်မှာ၊ ကြမ္မာလည်းဆော်၊ မပျော်နှလုံး၊ မရွှင်ပြုံးသည်၊ ပခုံးပါးဝယ် ထိလှ၏။

ရှင်တေဇော်သာရ

၂။ တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊ ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်၊ ဝင်းလက်ရောင်ရွှေ၊ အခေါင်ပေတည့်၊ တောင်နေနတ်ဟန်၊ မြတ်သစ်ကြန်နှင့်၊ ပန်းမန်ရေးချေ၊ ထုံးနေမကြော၊ ပတ်လျောဆံကြာ၊ ကျတိုင်းသာလျှင်၊ ရွှေဝါပိတ်ရှင်း၊ ထည်ချင်းစံပယ်၊ နှံ့ကြွယ်လှိုင်ကြူ၊ မဥ္ဇူမျုက်မည်း၊ ပေါ်ထပ်စည်းနှင့်၊ မရည်းမထင်၊ ဖြုတ်ခြည်းမြင်က၊ နတ်ပင်ယိုးမှာ၊ ဝိုးဝါးတွေးချွတ်၊ စိတ်လုံးညွတ်သည်၊ ဘုံထွတ်နန်းတောင် နေတို့လော။

– ရင့်မှုရွှေကြန်၊ ရွက်မပွန်တည့်၊ ဝါစွန်နီမောင်း၊ ပင်တိုင်းပြောင်းက၊ သက်ပေါင်းထင်ယုံ၊ လှနိတုံလည်း၊ ပန်းစုံရောရက်၊ ထုံးမြရွက်နှင့်၊ လိုက်ဖက်တင့်မှတ်၊ ကိုယ်ဝတ်တော်မှာ၊ မလ္လာရနံ့၊ မွှေးပျံ့ကြိုင်ရှင်း၊ ပယင်းရွှေရည်၊ ပွတ်လဲ့ကြည်သို့၊ မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိမ်းမျှ၊ ခပ်သိမ်းကလျာ၊ ရှုဖွယ်သာလျှင သိင်္ဂါလျှံတောက်၊ လက်ကောက်လက်ကျပ်၊ ရည်လျှပ်ဆံကျင်၊ မျှမထင်လည်း၊ တိုင်းပင်ထင်မှတ်၊ လှခေါင် ထွတ်သည်၊ ကြာနတ်တန်ဆောင် ပေတို့လော။

– ဆင့်ချစွေသွန်၊ ရက်မချန်တည့်၊ ယုဂန်အလုံး၊ မြရည်ဖုံးသား၊ လှဆုံးတင်နေ၊ ထုံသရေလည်း၊ ထွေထွေကြည့်တိုင်း၊ ပြစ်မျိုးရှိုင်းသည်၊ စံခိုင်းလှော်သစ်၊ ရွှေနှယ်နစ်မျှ၊ တင်ပြစ်မစက်၊ လဲ့လဲ့ညက်ကို၊ ထက်နတ်ဘုံနေ၊ ခုသာကြွေသို့၊ တင့်နေရှုမြော်၊ အကျော်ပုံ့မွှန်း၊ ဝင်းငြိမ့်ရွှန်းကို၊ တောင်တန်းနေလော၊ နတ်ပေလောဟု၊ တွေးတောချေမိ၊ တပ်မသိခဲ့၊ မြင်မိဖြုတ်ခြည်း၊ မျှော်ကတည်းက၊ အူသည်းစုံညွတ်၊ သက်လုံးပြတ်သည်၊ လျှံပတ်ထွန်းရောင် ဝေတို့လော။

နတ်ရှင်နောင်

၃။ မြမြမွှေး၍၊ ဆီးသေးမိုးဖြူ၊ မြူလည်းကြွေလင့်၊ မပွင့်နေခြည်၊ မကြည်ကောင်းကင်၊ ထက်ခွင်အုံ့ပျ၊ ငြိမ့်မှုကိုယ်တွင်း၊ ဆီးနှင်းကျရွှမ်း၊ ချမ်းတို့စွလည်း၊ ရင့်မှုကြာညောင်း၊ တပေါင်းရက်ကျူး၊ မဖူးရက်လေ၊ ဟေမရာသီ၊ နာရီပွားတိုး၊ သောက်မိုးညဥ့်ရှည်၊ ဆောင်းခါလည်သည်၊ ချမ်းသည် သူ့အဟန်တကား။

– ရှုရှုကွေး၍၊ မွှေးမွှေးပျပျ၊ ရဲရဲလှသား၊ ခိုင်မြပွင့်ဖူး၊ ဆောင်းဦးပန်းလျှင်၊ အထူးသူနှင့်၊ မတင့်လေရာ၊ မယ်နှင့်သာလျှင်၊ ကြမ္မာဖန်ဆင့်၊ ရည်၍ပွင့်သား၊ သခင့်ပန်ဖို့၊ စီရင်ပို့၍၊ စိမ်းညို့ရွက်ထပ်၊ ခြယ်လှပ်ထွားထွား၊ တခြားထူးထွေ၊ ညှာတံခြေဝယ်၊ ငုံပြေချပ်ငန်း၊ တဆန်းထူးလည်၊ ပန်းရွှေရည်သည်၊ ကျွမ်းသည် သူ့အမှန်တကား။

– ပျပျမွှေး၍၊ ပိုက်ထွေးရင်ငွေ့၊ တူစက်လေ့ကို၊ အောက်မေ့မြင်ယောင်၊ ရှင့်မောင်ခေါ်တမ်း၊ ဖော်ငယ်ကျွမ်းနှင့်၊ အလွမ်းရှည်မြင့်၊ ကြာသည်နှင့်သော်၊ ထပ်ဆင့်ဗျာပါ၊ မပျော်စွာ၍၊ အခါသရစ်၊ ဆောင်းမျိုးနှစ်လည်း၊ အဖြစ်သည်နှယ်၊ မရှိဖွယ်တည့်၊ သက်လှယ်နောင်နှင့်၊ ကြင်ပေတင့်စွ၊ မျက်ပွင့်စံတည်၊ မျိုးချစ်ကြည်သည်၊ လွမ်းသည် သူ့မတန်တကား။

နဝဒေး

၅။ ဝေရွှန်းစန္ဒာ၊ ချမ်းရိပ်သာသို့၊ မျက်နှာတူရှု၊ တသည့်သူလျှင်၊ ဇမ္ဗူအောင်ခန်း၊ ရွှေဘုံနန်းသို့၊ ရောက်ပန်းကြီးအင်၊ နေမရွှင်ခဲ့၊ လွင်လည်းတဆိုင်၊ မြိုင်လည်းတထွေ၊ ရေလည်းတထူး၊ ဝေးခေါင်ကျူးကို၊

ရောက်ဖူးမည်ထား၊ ရွှေညာဖျားဟု၊ ရေးဖျားမဆွ၊ ကြားရသည်သာ၊ ဘယ်ရပ်မှာဟု၊ ခြင်းရာတစိ၊ တပ်မသိခဲ့၊ ကျွန်းကြီးချက်ချာ၊ တို့နေရာနှင့်၊ ဘာသာကွဲလမ်း၊ မြိုင်တောဝှမ်းဝယ်၊ အချမ်းမတူ၊ အပူမမျှ၊ ကြုံဘိရရှင့်၊ သိဃ်အောင်မြေ၊ လယ်ချက်ဗွေဝယ်၊ နေလည်းတဆန်း၊ နန်းလည်းတခြား၊ မထွေပြားပဲ၊ ကိုးပါးနဝရတ်၊ ရွှေပြာသာဒ်က၊ မျက်မြတ်လျှံရည်၊ ထွန်းလှည့်လည်သည်၊ နေခြည်ထဲတွင်ပါလိမ့်မည်။

– နေဝန်းဖန်ဝါ၊ ထိန်စကြာလည်း၊ အာကာဖိတ်စီး၊ ကျွန်းလုံးညီးမျှ၊ ထိနီးမိုးလယ်၊ ဖြိုးဖြိုးကယ်၍၊ အံ့ဖွယ်ယှက်သန်း၊ ရှုမခန်းတည့်၊ ရွှေနန်းမှန်စီ၊ ရှိရာဆီသို့၊ မြှောက်ချီဦးတင်၊ စက်ရာဝင်လည်း၊ ကြည်လင်ရှိခိုး၊ စက်ရာနိုးလည်း၊ လက်မိုးလှည့်လည်၊ မျှော်မိသည်ရှင့်၊ ရွှေပြည်တော်မှာ၊ ခုချိန်ခါကို၊ သူဇာသာစံ၊ မိတ်နံမပြား၊ ခတ်တံခါး၏၊ ယွန်းစားရှေ့မှာ၊ ပျော်ဖွယ်သာရှင့်၊ သီတာပတ်ကုံး၊ မြစ်နှင့်ကျုံးလည်း၊ တလုံးတည်းရေ၊ စီးတွေတွေတည့်၊ မိုးနွေမခေါင်၊ လက်ယာမြှောင်လျက်၊ နတ်ဆောင်ယူပို့၊ လေ၏သို့လျှင်၊ ရွှေမြို့ရွှေပြည်၊ ဝန်းပတ်လည်သည်၊ ရေကြည်သဲပြင်သာလိမ့်မည်။

– နွေကျွန်းသန်ကာ၊ ခုချိန်ခါကို၊ ကျောင်းသာရာမ်ခင်း၊ စေတီတွင်းဝယ်၊ သတင်းအလှူ၊ ရွှေပြည်သူတို့၊ ဆုယူစည်းဝေး၊ ဖြူဖြူဖွေးလိမ့်၊ စက်မေးခိုက်တွင်၊ အိပ်မက်မြင်သို့၊ မရွှင်ရှုတ၊ လွမ်းလိုက်လှရှင့်၊ ညွန့်ပြကျိုးဆက်၊ ဆယ်ကျော်သက်က၊ ကြင်ဖက်အတူ၊ တောင်းဆုယူသည်၊ အိမ်သူချောသွယ်၊ သုံးယောက်မယ်နှင့်၊ ပင်လယ်ခြားရာ၊ ခရီးကွာသို့၊ မှာလည်းမကြား၊ သွားလည်းမသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူခွင့်ရှည်ရေး၊ ရှိချေသေး၏၊ ရင်သွေးရွှေတောင်၊ သားမောင်နှမ၊ ဆင်းသိင်္ဂတို့၊ မွေးဘရင်ခွင်၊ ရွှေလက်တင်၍၊ ယူငင်ပိုက်ဖြား၊ ပျော်မည်များနှင့်၊ နှစ်ပါးမျက်ခြည်၊ သားနှင်းရည်သည်၊ ရွှေလည်ဆွဲချင်ရှာလိမ့်မည်။

လက်ဝဲသုန္ဒရ

မှတ်ချက်။ ။ ပျို့၊ မော်ကွန်း၊ ဧချင်းတို့သည် လင်္ကာစပ်နည်းဖြင့် စပ်ဆိုကြသော ကဗျာအမျိုးအစားများ ဖြစ်ကြသည်။ အကြောင်းအရာကိုလိုက်၍ အနည်းငယ်မျှသာ ထူးခြားသည်။ ကိုးခန်းပျို့၊ နေမိဘုံခန်းပျို့၊ ဥမ္မာဒန္တီပျို့၊ ဘလ္လာတိယပျို့ စသည်တို့သည် ဘုရားဟောဇာတ်လမ်းကို အခြေပြု၍ ရေးဖွဲ့ခြင်းဖြစ်သည်။ အာသံနိုင်မော်ကွန်း၊ ပြည်စုန်မော်ကွန်း၊ တရုတ်သံရောက်မော်ကွန်း စသည်တို့သည် စစ်အောင်ရေး၊ သံတမန် ဆက်သွယ်ရေး စသော သမိုင်းမှတ်တမ်းများ ဖြစ်ကြသည်။ ပလိပ်စားဧချင်း၊ မင်းရဲဒိဗ္ဗဧချင်း စသော ဧချင်းတို့သည် သားတော် သမီးတော်တို့ကို ရွှေနားတော်သွင်းရသော အဖွဲ့များဖြစ်သည်။ လေးလုံးစပ်လင်္ကာပုံစံကို အခြေပြု၍ ဖွဲ့ဆိုရသော ကဗျာအမျိုးအစားများပင် ဖြစ်သည်။ ဇာတ်လမ်းကဗျာ၊ မှတ်တမ်းကဗျာ၊ သားချော့ကဗျာများပေတည်း။

လေ့ကျင့်ခန်း

၁။ သင်သိသော ရတုစာဆို ငါးဦး၏ အမည်ကို ဖော်ပြ၍ နှစ်သက်သော ရတုတစ်ပုဒ်ကို ရေးပြပါ။

၂။ အောက်ပါ အကြောင်းအရာတို့ကို ရတုငယ် တစ်ပုဒ်စီရေးပါ။

(က) အမျိုးသားနေ့

(ခ) တောင်ကုန်းပေါ်က စေတီ

(ဂ) အာဇာနည်

၃။ စံနမူနာပြ ကဗျာများအနက် ‘ဝေရွှန်းစန္ဒာ’ ချီတုံ၏ ကာရန်ယူပုံစနစ်ကို ဖော်ပြပါ။

အခန်း (၈)

## ဒွေးချိုး

### ဒွေးချိုးအဓိပ္ပာယ်

အချိုး နှစ်ချိုးပါဝင်သော ကဗျာမျိုးဖြစ်သည်။ ပထမအချိုးကို အခံဟူ၍လည်းကောင်း၊ အချီဟူ၍ လည်းကောင်းခေါ်၍ ဒုတိယအချိုးကို အအုပ် ဟူ၍လည်းကောင်း၊ အချ ဟူ၍လည်းကောင်း ခေါ်သည်။ နှစ်ဆစ်ချိုး ဟူ၍လည်း ခေါ်ကြသေးသည်။

### ဒွေးချိုးစပ်နည်း

အချိုးနှစ်ချိုးရှိသည့်အနက် အခံချိုးတွင် အနည်းဆုံး နှစ်ပိုဒ်ဖြင့်ရေးပြီး အအုပ်ချိုးတွင် အနည်းဆုံး နှစ်ပိုဒ်ဖြင့် အုပ်လေ့ရှိသည်။

၂ ပိုဒ်ခံ – ၂ ပိုဒ်အုပ် ဒွေးချိုး

၂ ပိုဒ်ခံ – ၃ ပိုဒ်အုပ် ဒွေးချိုး

၃ ပိုဒ်ခံ – ၃ ပိုဒ်အုပ် ဒွေးချိုး

၃ ပိုဒ်ခံ – ၄ ပိုဒ်အုပ် ဒွေးချိုး စသည်ဖြင့် စိတ်ကူးဉာဏ်ရှိသလောက် ကွန့်မြူးရေးသားနိုင်သည်။

ဒွေးချိုးကဗျာတွင် ပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်) များသည် ချသံများ ဖြစ်ရသည်။ အထူးသဖြင့် ဝိသဇ္ဇနီသံများ ဖြစ်လေ့ရှိသည်။ မည်သည့်အခါမျှ ချီသံ ခေါ် တက်သံမဖြစ်စေရ။ ထို့ပြင် ပိုဒ်တွင်းကာရန်များ လည်း ရှိသည်။

**၂ ပိုဒ်ခံ – ၂ ပိုဒ်အုပ် ဒွေးချိုး**

| | |
|---|---|
| လူလေးရယ်ငို | – – – (✱) |
| ခိုဖမ်းလို့ပေး။ | (✱) – – (+)။ |
| ခိုဖြူခိုပြာနက်ကယ် | – – – – (✱) – |
| ဖမ်းခက်လှသေး။ | – (✱) – (+)။ |

ဤဒွေးချိုးတွင် အခံပိုဒ် အဆုံးကာရန်သည် 'ပေး' ဖြစ်၍ အအုပ်ပိုဒ် အဆုံးကာရန်သည် 'သေး' ဖြစ်သည်။

အခံပိုဒ်တွင် 'ငို' နှင့် 'ခို' သည် ပိုဒ်တွင်းကာရန်ဖြစ်သည်။ အအုပ်ပိုဒ်တွင် 'နက်' နှင့် 'ခက်' သည် ပိုဒ်တွင်းကာရန်ဖြစ်သည်။

အခံပိုဒ်အဆုံးကာရန် (အချိုးသတ်ကာရန်) နှင့် အအုပ်ပိုဒ်ဆုံး ကာရန် (အချိုးသတ်ကာရန်) တို့ကို (+) ဖြင့် ပြထားပါသည်။ ပိုဒ်တွင်းကာရန်များကို (*) ဖြင့် ပြထားပါသည်။

၂ ပိုဒ်ခံ – ၃ ပိုဒ်အုပ် ဒွေးချိုး

| | |
|---|---|
| ရွှေကျီးရယ်သာ | – – – (*) |
| ဧည့်လာရှော့သလား။ | – (*) – – (+) |
| ခန်း၀က ကြို | – – – (*) |
| ခင်လေး ရွှေရင်ဖိုခိုက် | – – – – (*) |
| ကျီးညိုက နား။ | – (*) – (+) |

အချိုးသတ် အခံကာရန်နှင့် အအုပ်ကာရန်တို့ကို (+) ဖြင့်ပြ၍ ပိုဒ်တွင်းကာရန်များကို (*) ဖြင့် ပြထားပါသည်။

၃ ပိုဒ်ခံ – ၃ ပိုဒ်အုပ် ဒွေးချိုး

| | |
|---|---|
| ချိုးနှစ်ကောင် | – – (*) |
| ထနောင်းပင် ညီနောင်က | – – – – (*) – |
| လွမ်းအောင်ကူချဲ့။ | – (*) – (+) |
| ပန်းတော်ဖြူ | – – (*) |
| ပင်မြက် နေဇာထူလှ | – – – – (*) – |
| ဘိုးတောင်သူတဲ။ | – – (*) (+) |

ဦးစွာအချိုးသတ် အခံကာရန်နှင့် အအုပ်ကာရန်တို့ကို ရှာကြည့်ပါ။ ထို့နောက် ပိုဒ်တွင်းကာရန်များကို ရှာကြည့်ပါ။

၃ ပိုဒ်ခံ – ၄ ပိုဒ်အုပ် ဒွေးချိုး

| | |
|---|---|
| ရွှေမန်းဆို တောင်တော်ဦးက | – – – – – (*) – |
| ကျူးလာတဲ့ မိုးသံငယ် | (*) – – – (*) – |
| အုန်းညံ့ခြိမ့်ကြွေး။ | – (*) – (+)။ |
| တာတော်ခွင် | – – (*) |
| ရေဝင်အောင် ရွှေကတွတ်ကို | – (*) – – – (*) – |
| မင်းလွှတ်ခဲ့လေး။ | – (*) – (+) |

ဤကဗျာတွင် "ကျူးလာတဲ့ မိုးသံငယ်" ဟူသော အပိုဒ်၌ ရွတ်ဆိုပြ၍ ပြေပြစ်စေရန် ရည်ရွယ်လျက် "ငယ်" ဟူသောစကားကို ထည့်သည်။ စာလုံး အရေအတွက်တွင် ထည့်သွင်းရေတွက်ခြင်းပြုရန် မလိုပါ။

ထို့အတူ "ကယ်"၊ "ပါဘု"၊ "တယ်"၊ "ကွယ်"၊ "မှာ" စသော စကားလုံးတို့သည် သီဆို၍ ချောမွေ့စေရန်သာ ထည့်သွင်း ဖွဲ့ဆိုထားကြခြင်းဖြစ်သည်။

နမူနာပြ ကဗျာများ

၁။ မိုးချုပ်လို့ နေရီ
တိမ်နီက ဝင်း။
ကိုကြီးကျော် ပြန်မဲ့လမ်းမှာ
ပန်းရနံ့ သင်း။

၂။ အသားရယ် ဖြူ
လူပေမို့လား။
အသားတော် ညိုပြာညက်ကယ်
နန်းတော်ထက်ဖွား။

၃။ အောင်ပင်နှင့် နန္ဒာ
ကြာစုံကမွေး။
တကန်ကို တကန်ဆက်ပါလို့
ဂယက်တွေ ပင်လယ်နှိုင်းသင့်တယ်
လှိုင်းကြက်ခွပ် ဖွေး။

၄။ ပျိုလေးရက်တဲ့ ယက္ကန်းစင်
ဘာဆင်လို့မေး။
မေးပါနဲ့အေ
တို့တတွေ ချွေတာခြင်းကြောင့်
တင်းတိမ်တဲ့လေး။

၅။ ဦးကော့လို့ ပဲ့ထောင်
ကုန်လှောင်လို့ လူစီး။
ထိုးဝါးကိုကိုင်
ကြိုးဆွဲသူ တယိုင်ယိုင်နဲ့
ရွက်တိုင်ကို လေမသိမ်းတယ်
ပိန်းကောမကြီး။

၆။ ပန်းစံပယ်
နန်းလယ်မှာ မပေါ်ခိုက်ဟာမို့
အလိုက် တော်တန်သင့်ရုံပ
ခံပွင့်ကို ကုံး။
နန်းရဝေ

မန်းမြေမှာ စံပင်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့တယ်
တောလေ့ရှာသုံး။

၇။ ရှုတိုင်းငယ်စို
မြရေညို တောင်သမန်နှင့်
မြောင်ပတ်ရံဆီး။
မီးစုံပွင့်ရေ
ဗျာသိုက်ကယ် ရန်အောင်ခြွေတဲ့
မန်းခေါင်ဖွေ ညာမြေမော့မှာ
ဘိုးတော့် ပြည်ကြီး။

လေ့ကျင့်ခန်း

၁။ အောက်ပါတို့ကို ဒွေးချိုးကဗျာတွင် အချိုးသတ် အခံကာရန်နှင့် အအုပ်ကာရန်များကို ရွေးပြပါ။
ဆွေးမပြယ်
လေးပင်လယ် မေရနှင့်
ပွေမှုတန္နန်း။
သက်တရာ မျက်နှာကို
မမြင်ရသော်လဲ
ပူပါ့မယ် ဘယ်တနေ့မှ
အောက်မေ့မမုန်း။

၂။ နမူနာပြ ဒွေးချိုးကဗျာများတွင် ပိုဒ်တွင်းကာရန်ယူပုံများကို ဖော်ပြပါ။

၃။ အောက်ပါ အကြောင်းအရာတို့ကို ဒွေးချိုးတပုဒ်စီ ဖွဲ့ပြပါ။
(က) မွေးရပ်မြေ
(ခ) မြသားလယ်ယာ
(ဂ) အားကစားပွဲ
(ဃ) ပုရစ်ဖူးချိန်

၄။ အောက်ပါ ဒွေးချိုးတွင် အမှားပြင်ပါ။
နွေရာသီ အခါထဲမှာ
အင်ကြင်းတဲ့ ပန်းမာလာ
ဝေလွင်တဲ့တော။
လေပြည်ငယ်ရှင်
အင်ကြင်းပင် မွှေးရနံ့ငယ်
သင်းကြူသာပေ့။

အခန်း (၉)

## တြိချိုး

### တြိချိုးအဓိပ္ပာယ်

"တြိ" ဟူသည်မှာ သုံးခုဟု အဓိပ္ပာယ်ရသော ပါဠိစကားစကား ဖြစ်သည်။ အချိုးသုံးချိုး ပါဝင်သော ကဗျာအမျိုးအစား ဖြစ်သည်။

### တြိချိုးစပ်နည်း

ဒွေးချိုးစပ်နည်းကိုသိလျှင် တြိချိုးစပ်နည်းကိုသိရန် မခက်တော့ချေ။ ဒွေးချိုးဟူသော အချိုးနှစ်ခုပေါ်တွင် အထက်က တချိုးထပ်ဆင့်လိုက်ရုံမျှသာ ဖြစ်သည်။ ထပ်တိုးလိုက်သော ပထမအချိုးမှာ ချီသံခေါ်တက်သံဖြင့် ဆုံးရသည်။ ချီသံခေါ် တက်သံမှတစ်ပါး အခြားအသံများဖြင့် အချိုးကာရန်မချနိုင်။

ပထမ အချိုးကာရန်အတိုင်း ဒုတိယအချိုးတွင် ပိုဒ်တွင်းကာရန် ယူရသည်။ ထိုသို့ ပထမအချိုး ကာရန်၏ နောက်သို့လိုက်၍ ဒုတိယအချိုး အဆုံးသတ်ခါနီးတွင် ကာရန်တူ ယူရသည်ကို ခွာထောက်ကာရန် ဟု ဆိုကြသည်။ ခွာထောက်ကာရန် ယူမိအောင် အထူးဂရုစိုက်ရသည်။ ခွာထောက်ကာရန်လွဲလျှင် ပထမအချိုးနှင့် ဒုတိယအချိုး အချိတ်အဆက်မမိပဲ တသီးတခြားစီ ဖြစ်သွားပေလိမ့်မည်။ များသောအားဖြင့် ခွာထောက်ကာရန်မိဖို့ သတိမရပဲ ရှိတတ်ကြသည်။

နမူနာ

| | | |
|---|---|---|
| (ပ) အချိုး | တပို့တွဲ | – – ✱ |
| | ပေါက်လဲရယ် ငုံစီစီ | – ✱ – – – – (+) |
| | ဖူးတံက ချီ။ | – – – (+)။ |
| (ဒု) အချိုး | သည်ရာသီ | – – + |
| | ဗာဟီက အပြောင်း။ | – + – – (+)။ |

| | | |
|---|---|---|
| (တ) အချိုး | ပျိုတို့မောင် ရွှေသျှောင်တွဲ (ငယ်နှင့်) | – – – – – ဂ |
| | ခါမမီ ယာယီခွဲ (လို့ရယ်) | – – – – – ဂ |
| | လွဲပေါ့သည်ဆောင်း။ | ✱ – – (+) |

✱ သည် ပိုဒ်တွင်းကာရန်ယူပုံကို ပြသည်။ (+) သည် အချိုးကာရန်ကို ပြသည်။ + သည် ခွာထောက်ကာရန်ကို ပြသည်။

ဤတြိချိုးတွင် "ဖူးတံကချီ" မှ "ချီ" သည် ပထမအချိုးကာရန် ဖြစ်သည်။

"ဗာဟီက အပြောင်း" မှ "ပြောင်း" သည် ဒုတိယအချိုးကာရန် ဖြစ်သည်။

"လွဲပေါ့သည်ဆောင်း" မှ "ဆောင်း" သည် တတိယအချိုးကာရန် ဖြစ်သည်။

– ပထမအချိုးတွင် "တွဲ" နှင့် "လဲ" တို့သည်လည်းကောင်း၊ "စီ" နှင့် "ချီ" တို့သည်လည်းကောင်း ကာရန်ညီကြသည်။

– ဒုတိယအချိုးတွင် "သည်ရာသီ" မှ "သီ" နှင့် "ဗာဟီကအပြောင်း" မှ "ဟီ" တို့သည် ကာရန်ညီကြသည်။ ထိုကာရန်သည် ပထမအချိုး ကာရန်နှင့် အချိတ်အဆက်မိအောင် ညီရမြဲဖြစ်သည်။ ထိုကာရန်ကို ခွာထောက်ကာရန်ဟူ၍ ခေါ်သည်။

– တတိယအချိုးတွင် "တွဲ"၊ "ခွဲ" နှင့် "လွဲ" တို့သည် ပိုဒ်တွင်းကာရန်များ ဖြစ်ကြသည်။

တြိချိုးကဗျာတွင် ဆင့်ထားသော ပထမအချိုးကို ဖြုတ်လိုက်လျှင် ဒွေးချိုးသာလျှင် ကျန်ရစ်ပေလိမ့်မည်။

နမူနာပြ ကဗျာများ

(၁) မဲဇလီ ပင်ပျိုအောက်
ပေါက်လာပါတဲ့ ရွှေတမာ
ခါးချက်က နာ။
ရေစီးရယ်တခါ
ရေသာရယ်တလှည့် (လှဲ့)။
သူများလို တို့မရိုင်းတယ်
တိုင်းသိပါရဲ့။

(၂) ရွှေလမှာ ယုန်ဝပ်လို့
ဆန်ဖွပ်သည့် အဖိုးအို
ဟော ကြည့်ပါဆို။
ဆိုသာဆို
ပိုမိုသည့်စကား။
ကလေး အငိုတိတ်အောင်
အရိပ်အယောင်ပြတယ်
ဖိုးလ နတ်သား။

(၃) အောက်ပြည် ရေတိုးလို့
ရွက်ကြိုး မနိုင်ပါလို
လှိုင်းမောက်လို့မို။

မမလေးက ကြောက်လို့ငို
မောင်ဖုန်းမို ဘယ့်နှယ်ကူး(ရမယ်)
လောင်းလှေက လူး။

(၄) ပျိုလေးတို့ အိမ်ဦး
ဆတ်သွားဖူးတဲ့ တစ်ရုံနှစ်ရုံ
ကျေးတွေက အုံ။
မအုံပါနှင့် ကိုရွှေကျေး။
ပျိုတို့မောင် ရှင်လိင်ပြန်တော့
နား ပန်ဖို့လေး။

(၅) ပျိုလေးတို့ အိမ်စွန်း
ကျွန်း ဆယ့်နှစ်ပင်
စောင့်ရှောက်စေချင်။
ဆယ့်နှစ်ပင်
ရှင်အောင်ပ မွေး။
မယ်နှင့်မောင် ကံဆိုင်တော့
ကျောင်းတိုင်ဖို့လေး။

လေ့ကျင့်ခန်း

၁။ "ညနေရီ"ဟူသော ခေါင်းစဉ်ဖြင့် တြိချိုးကဗျာတစ်ပုဒ်စပ်၍ အချိုးကာရန်များကို ထုတ်ပြပါ။
၂။ နမူနာပြ ကဗျာများထဲက ခွာထောက်ကာရန် ယူပုံစနစ်ကို ဖော်ပြပါ။
၃။ အောက်ပါအကြောင်းအရာတို့ကို တြိချိုးကဗျာ ဖွဲ့ပြပါ။
(က) ဆိပ်ကမ်းသာ
(ခ) ကျွန်းရွှေဝါ
(ဂ) ကြောင်ကလေး ပူစီ

အခန်း(၁၀)

## လေးချိုး

လေးချိုးအဓိပ္ပာယ်

တက်သံ ခေါ် ပကတိသံဖြင့် ချရသော အချိုးနှစ်ခုနှင့် အောက်မြစ်သံ၊ ဝိသဇ္ဇနီသံတို့ဖြင့် ချရသော အချိုးနှစ်ခုပေါင်း အချိုးလေးခုပါဝင်သော ကဗျာအမျိုးအစား ဖြစ်သည်။

လေးချိုးစပ်နည်း

ဒွေးချိုးနှင့် တြိချိုးစပ်နည်းကိုသိလျှင် လေးချိုးစပ်နည်းသည် မခဲယဉ်းပြီ။ အခြေခံ ဒွေးချိုးအပေါ်တွင် တက်သံခေါ် ပကတိသံဖြင့် ချရသော အချိုးနှစ်ခု ထပ်ဆင့်လိုက်လျှင် လေးချိုးဖြစ်လာသည်။ လေးချိုးတွင် တတိယအချိုး၌ ခွာထောက်ကာရန် ပါလေ့ရှိသည်။

နမူနာ

| | | |
|---|---|---|
| (ပ) အချိုး | ပန်ပါတဲ့ ပန်ပါ။ | – – – – (+)။ |
| (ဒ) အချိုး | ရွှေမင်းဝံ တောင်ပေါ်ရိုးက | – – – – – ✱ – |
| | ပန်းချိုးလို့လာ။ | – ✱ – (+)။ |
| (တ) အချိုး | အပွင့်ရယ်ဝါ | – – – ✱ |
| | အညှာမှာ ရွှေရည်လူး | – ✱ – – – (+) |
| (စ) အချိုး | ပန်ဝံ့ပါဖူး။ | – – – (+) |

အထက်ပါ လေးချိုးတွင် အချိုးကာရန်များကို ဤသို့ သိသင့်သည်။

(ပ) အချိုးကာရန်မှာ "ပါ"၊ (ဒ) အချိုးကာရန်မှာ "လာ" ဖြစ်သည်။

(ပ) အချိုးကာရန်နှင့် (ဒ) အချိုးကာရန် အမြဲညီရသည်ကို သတိပြုပါ။

(တ) အချိုးကာရန်မှာ "လူး" ဖြစ်သည်။ (စ) အချိုးကာရန်မှာ "ဖူး" ဖြစ်သည်။

(တ) အချိုးကာရန်နှင့် (စ) အချိုးကာရန်တို့ အမြဲညီရသည်ကို သတိပြုပါ။

(တ) အချိုးတွင် "အပွင့်ရယ်ဝါ" မှ "ဝါ" နှင့် "အညှာမှာ ရွှေရည်လူး" မှ "ညှာ" တို့သည် ကာရန်ညီကြသည်။ အထက်က (ပ) (ဒ) အချိုးကာရန်များနှင့်လည်း ညီရသည်။ ထိုကာရန်ကို ခွာထောက်ကာရန်ဟုခေါ်သည်။

(ဒ) အချိုးမှ "ရိုး" နှင့် "ချိုး"၊ (တ) အချိုးမှ "ဝါ" နှင့် "ညှာ" တို့သည် ပိုဒ်တွင်းကာရန်များဖြစ်ကြသည်။

လေးချိုး၊ တြိချိုးနှင့် လေးချိုးကဗျာတို့တွင် အသံနေအသံထား အလွန်အရေးကြီးသည်။ စာလုံးရေတူသော်လည်း အသံအနိမ့်အမြင့်၊ အတက်အကျ ပြေပြစ်အောင် ဖွဲ့တတ်ရသည်။ အသံထွက်၍ ရွတ်ဆိုရသည်။ ဆရာနှင့်တကွ အခြားသူများ ရွတ်ဆိုပြသည်ကိုလည်း နားထဲတွင် စွဲနေအောင် နားထောင်ရသည်။ နားအလေ့အကျင့် အလွန်အရေးကြီးသော တေးကဗျာ အမျိုးအစားဖြစ်ပေသည်။

စာဆိုတို့သည် လေးချိုးကဗျာကို စာကြောင်းလေးကြောင်းမှ စာကြောင်းများစွာအထိ ရေးဖွဲ့လေ့ရှိသည်။ စိတ်ကူးဉာဏ် ကြွယ်လျှင် ကြွယ်သလို ရေးဖွဲ့တတ်ကြသည်။

"ရွှေဝကပါ။
ပန်းမာလာ။
အညှာမရှိ။
ငုံတိတိ။"

ဟူသော အတိုဆုံးလေးချိုးမှသည် ကြောင်းရေမြောက်မြားစွာ ပါဝင်သော မဟာလေးချိုးကြီးများအထိ ရေးဖွဲ့လေ့ရှိကြသည်။

ဖိုးသူတော် ဦးမင်း၊ လှု ဦးမင်း၊ လယ်တီဆရာတော်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စသော စာဆိုကြီးတို့သည် လေးချိုးကြီးများကို ဖွဲ့ဆိုခဲ့ကြသော စာဆိုကြီးတို့သည် လေးချိုးကြီးများကို ဖွဲ့ဆိုခဲ့ကြသော စာဆိုပညာရှင်ကြီးများပင် ဖြစ်ပေသည်။ ထိုစာဆိုတို့အနက် ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည်ကား "မဟာလေးချိုးကြီး" များကို အမြောက်အမြား ဖွဲ့ဆို၍ စာဆိုလောကတွင် တံခွန်ထူသော ပုဂ္ဂိုလ်ကြီးပေတည်း။

ဤနေရာတွင် အလျဉ်းသင့်၍ လေးချိုးကြီးတို့တွင် ပါဝင်လေ့ရှိသော နဘေကာရန်အကြောင်းကိုလည်း ဖော်ပြပါဦးအံ့။

ကာရန်တူ အသံတူ စကားလုံးများကို ထပ်၍ဖွဲ့ဆိုလျှင် "နဘေထပ်"သည်ဟု ဆိုသည်။ အောက်ပါတို့သည် နဘေထပ်များ ဖြစ်ကြသည်။

(က) ဆောင်းလက်မွန်
ဒေါင်းငှက်တွန်

(ခ) လတန်ရူး
အလှထူး

(ဂ) မြစံပယ်ငုံ
လလယ်ယုန်
ဆဆယ်ပုံ

(ဃ) ဟောဟိုကမြိုင်လယ်
စောပျိုလှခိုင်စံပယ်

(င) ကောင်းမျိုးအထွေထွေရယ်လို့
ချွန်စေမြစေ စော။
ဒေါင်းအိုးဝေရယ်နဲ့
တွန်စေ ကစေ သော။

ဤမျှဖြင့် နဘေထပ်ကာရန်၏သဘောကို သိနိုင်လောက်ပြီ။ ထိုသို့ကာရန်ယူရာတွင် တလုံးချိတ်၊ နှစ်လုံးချိတ်မျှဖြင့် တင်းမတိမ်ပဲ စကားအားလုံးလိုလို နဘေထပ်၍ ကာရန်ယူထားလျှ**မ်န်ကျည်းရွက်သတ် နဘေထပ်ကာရန်** ဟု ခေါ်တတ်ကြသည်။

သဖြန်

ဒွေးချိုး၊ တြိချိုးနှင့် လေးချိုးတို့ကို တခါတရံ သဖြန် ဟု အမည်တပ်၍ခေါ်သည်ကို တွေ့ဖူးပေမည်။ ထိုသို့ခေါ်သည်မှာ သီဆို တီးမှုတ်မှုဆိုင်ရာ ဂီတသဘောကိုလိုက်၍ ဖြစ်သည်။ ပတ်ပျိုး၊ ယိုးဒယား စသည်တို့ကို သီဆိုတီးမှုတ်၍ ပြီးဆုံးသောအခါ အသံကိုဖြန့်ဖြေသော သဘောဖြင့် ဒွေးချိုးကိုဖြစ်စေ၊ တြိချိုးကိုဖြစ်စေ၊ လေးချိုးကိုဖြစ်စေ သီဆို၍ အဆုံးသတ်လေ့ရှိသည်။ ထိုအခါမျိုးတွင် ဒွေးချိုးသဖြန်၊ တြိချိုးသဖြန်၊ လေးချိုးသဖြန်ဟု ခေါ်လေ့ရှိသည်။

ခွန်းထောက်

ရုပ်သေး၊ ဇာတ်သဘင်နှင့် အငြိမ့်စသည်တို့တွင် မင်းသား မင်းသမီး နှစ်ပါးသွားအခန်း၌ လူရွှင်တော်က အထောက်အကြံ နှုတ်ခွန်းဆက်သည့်သဘောဖြင့် အချိုးတစ်ခုခုကို သီဆိုသည်။ ထိုအခါမျိုးတွင် ခွန်းထောက် ဆိုသည်ဟု ခေါ်ကြသည်။ တစ်ဖန် ခွန်းထောက်အစား ကွန်းထောက်ဟူ၍လည်း ခေါ်ကြသေးသည်။ ဇာတ်သဘင် ကပြရာတွင် လမ်းခရီး၌ မင်းသား မင်းသမီးတို့ ယာယီ သစ်ခက်တဲနန်းဆောက်၍ တစ်ထောက်နားနေသည်ကို အကြောင်းပြုသောကြောင့် ကွန်းထောက် ဟုခေါ်ကြောင်း ပညာရှင်များက မိန့်ဆိုကြသည်။

နမူနာပြ ကဗျာများ

(၁) ငါယောကျ်ား
လားလားမှ ဘာမထီ။
သွေးညီညီ ယှဉ်ပြိုင်နွှဲယင်
ကဲခေါင်က တည်။
အာဇာနည်
မြန်ပြည် မေ့ချစ်သား။
ကြောက်ဆိုတာ နယ်မလားတယ်
ကျားဆိုမှ ကျား။

ငွေတာရီ

(၂) နွေ တပေါင်း
ရွှေကျောင်းရယ်တဲ့ ပိတ်ခဲ့ပြီ။
ချစ်ခင်သူ ဆွေအများ
သွားပေ့ါ ဌာနီ။
ငွေတာရီ
ပြန်ပြီကွဲ့ ရွာကျေး။
ဝသန်ဆန်းခါမှ
ရွှင်လန်းစွာ ဆွေအများရယ်နှင့်
စကားကုန် စုံစုံပြောဖို့ရယ်
ဇောစိုက်လို့တွေး။

ငွေတာရီ

(၃) သူဖြူလျှင် အယူဖြောင့်နိုင်ငံ့
သူမှောင့်မှာစိုးမိတယ်။
ခွင့်သနားလျှင်ဖြင့်
မြင့်ဖျား ဟေမာနှင့်
ချောင်ကေလာ ရွှေဝါကွေ့မှာ
တောမွေ့တော့မယ်။
မသေရုံ ရွှေဘုံကြီးမှာလ
သစ်သီးနှင့် ပွဲတော်တည် (တယ်)
ဖန်ခြယ်တဲ့ဝတ်လဲ။
မွေးလို့ရယ်လိုင်
အုပ်လုံး စံပယ်ကြိုင်တဲ့
မြကေခိုင် မင်ရည်လဲ့ကို
ရှင်းမယ့် ကြံဆဲ။

လှိုင်ထိပ်ခေါင်တင်

(၄) ညို့ကုန်းယံ ချောက်နံဘေးမှာလ
တို့ဘုန်းကံ အလျောက်မွေးရှော့ထင့်
တခေါက်ပြေးမှဖြင့် မိုးထိုးမယောင်
ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်။
နှစ်ကိုယ်ချို့တာကြောင့်
ချိုဘို့တူ နပြာတုတ်တွေနှင့်
ပျိုတို့လူ ယာမလုပ်တယ်
အားထုတ်မှဲမောင်မှာ နော်ကွယ်
ဝါးခုတ်တဲ့ တောင်။
ဟဲ့ – ဆိုကာ ကြိမ်တံမြှောက်မှဖြင့်
လှည့်လိုရာ တိမ်ယံရောက်နိုင်ငဲ့
အိမ်ခြံပေါက်ပါတဲ့ နွားညီနောင်
စားအီအောင်ဗျ – ညနေစောင်း
အားစည်အောင်ပ – ဝစေကြောင်း။
ဆောင်ခွင့်ကို ရှယ်
မောင်နှင့်မယ် တူယှဉ်တွဲပါလို့
နောင်တင့်တယ် လူမြင်ရဲခါမှ
ယူငင်ကာ ခြူဆင်လို့ဆွဲပ့ါမယ်
ပွဲဝင့်မဲ့ ချောင်းသူရဲ့
လှည်းယဉ်နဲ့ မောင်း။

သတိုးပီယ

(၅) မြို့လုလင် သာတဲ့ကွန်းဆီသို့
တို့သခင် စာဖွဲ့လို့ညွှန်းလိုက်ကဲ့
ဒါနဲ့ လွမ်းကြပေတော့ကွာ။
မြို့သူကြီးရယ်လို့
တို့ထီးနေတမျှပေပေါ့
ရွှေလရောင် ဘွဲ့သတင်းရယ်နဲ့
ဦးမင်ရောင် ဗိုလ်ဝင်ခံလို့မို့
ဟိုအလျင်ယမန် စစ်အင်ကျင်းတယ်
ခင်းတဲ့ဗျူဟာ။
မြတ်လောကီ သဘာဝတွင်ဖြင့်
ဓာတ်ကောလီ ခါမရတာမို့
မြန်မာမျှ ဘုန်းသမ္ဘာ
ရှုံးပါပေါ့ ကံတမျိုး။
မန်းအပျက်မှာ
စန်းလင် မသာမယာမို့
ဗမာ ဗမာချင်းတောင်မှ

အတင်းရန်မူလို့
ရန်သူကို ရန်ဟူ၍မမှတ်တဲ့ပြင်
ကိုယ့်တပ်ကိုယ် ပြန်ကာနင်းကြတဲ့
ဖျင်းလှတဲ့ ကမြင်းမအကောင် ဗိုလ်တချို့ရယ်က
ကိုယ့်ဖို့ အလွတ်ရုန်းရှော့မယ်လို့
တောင်ကုန်း သာသာယာယာ မြင်းမဏိစခန်းဆီက
တရှောင်ရှောင် ပုန်းကာအတွင်းသိတဲ့
မင်းအမိဖမ်းချင်တဲ့ပြင်
ပရမ်းပတာ တော်ရာလျှော်ရာပြေးကြတော့
အရေးရှင် မကြံသာသနဲ့
ကံကြမ္မာ ရှေးဝဋ်ကြွေးပေထင့်
လေးတိုင်စဉ် ရွာအတွင်းတွင်ဖြင့်
အင်္ဂလိပ်တွေကို အတင်းကြိတ်မဟော့လို့စမ်းခဲ့တဲ့
တဖောင်ဖောင်သတင်း ပြောင်ပြောင်လင်းခဲ့တဲ့
တောင်တွင်းက သခင်ကို
အောင်တြင်းမရခင် ဖမ်းတဲ့ပြင်
အကြမ်းပတမ်း မလုပ်ကောင်းသော်လဲ
ဥက္ကောင်းဖြတ်ကာ အသေသတ်ကြသတဲ့
မကျေနပ်ရှာသူ ချောင်တပဲ့ဗန်းတို့ရဲ့
ပြေရပ်မှာ တဘောင်နဲ့လွမ်းကြပေတော့
တောင်တမန်းမြို့ နေလနှစ်ဆောင်အညိုးတွင်ဖြင့်
ပြေမြန်မာ့တဘောင် မစိုးရရှာတဲ့
အခေါင်အမြန်း အမှောင်သန်းသမို့
အောင်ပန်းညှို့ခဲ့ရတဲ့
အောင်ဆန်းတို့ ရွှေလရောင်အဖိုး။

သခင်ကိုယ်တော်မှိုင်း

လေ့ကျင့်ခန်း

၁။ နမူနာပြထားသော ကဗျာများထဲက အချိုးကာရန်များကို ထုတ်ပြပါ။

၂။ မိမိကျက်မှတ်ခဲ့ဖူးသော လေးချိုးတစ်ပုဒ်ကို ရေးပြ၍ ဆီလျော်သော ခေါင်းစဉ် တပ်ပေးပါ။

၃။ အောက်ပါစကားတို့၏ အဓိပ္ပာယ်ကို သင် နားလည်သလို ရှင်းပြပါ။

(က) သဖြန်

(ခ) ခွန်းထောက်

(ဂ) နဘေထပ်ကာရန်

၄။ သင်ရေးလိုသော အကြောင်းအရာတစ်ခု သို့မဟုတ် အတွေးတစ်ခုကို လေးချိုးငယ်တစ်ပုဒ် ရေးဖွဲ့ပါ။

အခန်း(၁၁)

## သံချို

သံချိုအဓိပ္ပာယ်။ ။ အသံချိုချိုသာသာရွတ်ရသော လေးချိုးကဗျာမျိုးဖြစ်သည်။ ရုပ်သေးပွဲများတွင် လက်စွဲတော်ရုပ်ခေါ် စာဆိုရုပ်ကို ကိုင်ရသော စာဆိုကိုင်သည် အလှူအကြောင်း၊ အလှူရှင်အကြောင်းတို့ကို ရုပ်သေးစင်လက်တန်းကိုကိုင်လျက် ဇဝနဉာဏ်ဖြင့် ချက်ချင်းဖွဲ့ဆိုလေ့ရှိသော ကဗျာမျိုးဖြစ်သည်။ ထို့ကြောင့် လျင်မြန်သော ဇဝနဉာဏ်ကိုပင် လက်တန်းဉာဏ်ဟု ဆိုကြခြင်းဖြစ်သည်။

သံချိုစပ်နည်း။ ။ သံချိုစပ်နည်းမှာ လေးချိုးစပ်နည်း အတိုင်းပင် ဖြစ်သည်။ အချိုးလေးချိုးပါသည်။ တတိယအချိုးတွင် ခွာထောက်ကာရန်ပါသည်။ ချီသံ ချသံအနေအထား၊ ကာရန်အနေအထား အနည်းငယ်ကွဲသည်။ သို့ရာတွင် သံချိုသီဆိုပုံကို နားထောင်ကြည့်မှသာလျှင် သံချို၏သဘောကို နားလည်နိုင်ပေမည်။ ကာရန်ယူပုံစနစ်မှာမူ လေးချိုး ကာရန်ယူပုံအတိုင်းပင် ဖြစ်သည်။

နမူနာ

| | |
|---|---|
| မြေပဝရံ ဇသေန်ရပ်တွင်မှ | − − − − − − + − − |
| ကံစပ်ကာ ဂဟေဆော်ကြ | − + − − − + − |
| သူငယ်ဖော် အရွယ်ကောင်းတွေပေါ့ | − − + − − + − − |
| ဆယ်ချောင်းစီ ဆလံမြောက် | − + − − − + |
| ပေါင်းရှစ်ယောက် ကောက်စိုက်သူ။ | − − + − − (∗)။ |
| အေးချိုချို တေးအဆိုလိုက်ကာပေါ့ | − − − − − − + − − |
| ကြေးပိုက်ဆံ ငွေကျပ်ပြား | − + − − − + |
| မှတ်သားကာ မယူငင်ဘဲ | − + − − − + − |
| ဘုရားဝင် ဝတ်တော်တက် | − − + − − + |
| ဆော်နှက်ကာ ကြေးစည်တီးရန်ဖို့ | − + − − − + − − |
| မကြီးလာ မမယ်တိုးတို့က | − + − − − + − − |
| သယ်ပိုးကာ ဖော်အပေါင်းငယ်နှင့် | − + − − − + − − |
| အကြောင်းခံ အခြေပြုပေကြ | − + − − − + − − |
| ကောင်းမှုဖို့လှူ။ | − + − (∗)။ |
| ဘုရား ရတနာနှင့် | − − − − + − |
| အများတကာ စားစရာဖို့သာပေါ့ | − − − + − − − + − − |
| တချို့တဝက်ခူးလို့ | − + − − + − |
| လက်ဦးပင် တင်ဝေမျှခဲ့ | − + − − − + − |

| | |
|---|---|
| ပြည့်ဝ သီကရီနှင့် | − + − − + − |
| ဗီရဏီ ဘုံမှာဖြစ်ပါသတဲ့ | − − + − − + − − − |
| ကသစ်ပင် သာသည့်အောက်မှာလ | − + − − − + − − |
| ရှစ်ယောက်ပြိုင် ဆွေလုံမိငယ်တို့ | − + − − − + − − |
| ဘုံဗိမာန် ပြာသာဒ်ကြီးတွေနှင့် | − + − − − + − − |
| နတ်သမီးတွေ ဖြစ်စေကြောင်းရယ်လို့ | − − + − − − + − − |
| တကောင်းကိုင် ကြေးစည်နှက်ကာပ၊ | − + − − − + − − |
| လောင်းရေစက် အရေးယူ | − − + − − + |
| သွေးတူတဲ့ စိတ်ကူး။ | − + − − (*)။ |
| သုဒဿနာ နတ်ရွာရောက်လျှင်ဖြင့် | − − − − − − + − − |
| ဗလချာနောက်အောင် စိတ်ပျော်ပိုက်ကြလိမ့် | − − − + − − − + − − |
| ကောက်စိုက်သလို ကိုယ်တို့မကုန်းကြရပေဘု | − + − − − − − + − − − − |
| ဟိုထုံးစံ ဝတ်အလေ့ | − + − − − − + |
| သိမ်မွေ့စွာ မာဏဝီတို့ | − + − − − + − |
| အာသာဝတီ ဆိုတဲ့ပန်းတွေနှင့် | − − − + − − + − − |
| ကိုယ်လှျမ်းအောင် ထိန်ထိန်ညီး | − + − − − + |
| စိန်ဘီးတင် စိန်ဆံပတ် | − + − − − + |
| နားကပ်ခွေ စိန်ရတနာနှင့် | − + − − − − + − |
| ရွှေနံ့သာ ချေကာလိမ်းကာပ၊ | − − + − − + − − |
| ဇာအထည် ကြာခြည်စိမ်းငယ်နှင့် | − − − − − + − − |
| ကမ္ဗလာ အထည်ပေါ်မှာ | − − − − − − − |
| တာရှည်ပျော်လို့ ငြိမ်းကြပါလိမ့် | − − − − + − − − |
| မိန်းမရှစ်ဦး။ | + − − (*)။ |

မောင်းထောင် ဦးကျော်လှ

(*) လက္ခဏာသည် အချိုးကာရန်ကို ပြသည်။ (+) လက္ခဏာသည် ပိုဒ်တွင်း ကာရန်ကို ပြသည်။

တတိယအချိုးဆုံးခါနီးတွင် "လောင်းရေစက်အရေးယူ" မှ "ယ" နှင့် "သွေးတူတဲ့ စိတ်ကူး" မှ "တူ" တို့သည် ခွာထောက် ကာရန်များ ဖြစ်ကြသည်။

သံချိုစာဆိုများ။ ။ မြန်မာစာပေလောကတွင် ထင်ရှားသော သံချိုစာဆိုမှာ "မောင်းထောင် ဦးကျော်လှ" ဖြစ်သည်။ ဦးကျော်လှအပြင် သာဝတ္ထိဦးကြီး၊ အလုံမြို့ ကင်းစမ်းရွာက ဦးမြတ်ဝင်း၊ ကျောက်ကာ ရွာက ဦးကျော်၊ ချောင်းဦး ဆယ်ရွာက ဉာဏ်ကျယ်အမည်ခံ ဦးကြူ၊ မင်းစာဝန်နှင့် ဦးပျော်ဘွယ် စသည်တို့ ထင်ရှားကြသည်။ ဦးဉာဏ်ကျယ်နှင့် ဦးကျော်လှတို့သည် သံချိုစာဆိုပြိုင်ဖက်များ ဖြစ်ကြသည်။

၁၉၃၀ ခုနှစ်နောက်ပိုင်း ခေတ်စမ်းစာပေ ပေါ်ထွန်းသော ခေတ်တွင် ကဗျာစာဆို ဆရာဇော်ဂျီသည် သံချိုအများအပြား ရေးသားဖွဲ့ဆိုခဲ့သည်။

နမူနာပြ ကဗျာများ

### ကိန္နရာမောင်နှံ

လူဝလေ့လိုပ့်၊ အတွေ့ရယ်အာရုံနှင့်၊ ကာမဂုဏ်ခံစံ၍သာပ့်၊ မြိုင်ယံမှာ မေတ္တာဖျန်းရာကြ၊ ရှူစမ်းဖျော့ ထိပ်ခေါင်။ ။ ငှက်အများတွင်မှ၊ သနားငယ်စရာပ့်၊ ရုပ်ရောင်ဝါ အလွန်လှပေတဲ့၊ ကိန္နရီမယ်မောင်တို့၊ မြင့်ဟိုတောင်ဆွယ်စခန်းမှာလ၊ နွယ်ငန်း နှစ်ကိုယ်ယှဉ်၍၊ ငြိမ့်ဖယင် သူတို့နွဲ့ရာကြ၊ ခဲကြလူ့သွင်။ ။ ရူပါရုံသဏ္ဍာန်တင့်ပါဘိ၊ ကံခွင့်စီမံ၍၊ တိရစ္ဆာန်သာဟု ဖြစ်ရာကြ၊ ချစ်စရာ့ပုံအပြင်၊ မြင်သူတို့မနော။ ။ နွဲ့ကာငယ်ချီ၊ ဖူးစီစီ ရွှေရင်မို့ရယ်နှင့်၊ ဘယ်သို့လျှင် ကြံ၍နီးပါရ၊ မကြီး ကိန္နရီမေတို့၊ ခုမသွေ ကံသာ ဖက်ချင်တော့တယ်၊ မင်းလူထက်ချော။ ။

ဦးကြီး

### တောပန်းများ

ဆွတ်ပလဲ့ပါဟု၊ ညွတ်နွဲ့ကာ မြူမျှော်မျှော်၍၊ လူကဲ့နော် မခေါ်ရှိသော်လဲ၊ ခေါ်ဘိသယောင်ယောင် ပေ့၊ သရေဆောင် လေလျှောင်၍ လှုပ်ရာကြ၊ တောအုပ်လုံး ပန်းထွေထွေ။ ။ အစိမ်းနှင့်အပြာ၊ နီအဝါ ဖြူတချို့သာပ့်၊ သူတို့ကို ဘယ်ဆီက၊ ဘယ်ပန်းချီ စုတ်မင် ဆေးငယ်နှင့်၊ ယဉ်ကျေးအောင် တမင်လာ၍၊ ဆင်ယင်ရှာလေသမှန်းပါဘိ၊ ပန်းတို့အခြေ။ ။ တပင်ကို တပင်ပြိုင်သည့်ပြင်၊ တမြိုင်ကို တမြိုင်ကျော့အောင်ဟု၊ အနောက်ံ အာရုံယူသည့်နှယ်၊ တကြူကြူထုံအကြိုင်နှင့်၊ စုံဂနိုင်မှာ ဂုဏ်ပြိုင်၍ ပွင့်ရာကြ၊ တောတင့်တဲ့ ပုံအနေ၊ စုံသရေရှင်လန်း။ ။ ပမာရယ်ဆို၊ စံကပိုလ်ပြည်တော် ဟောင်းဆီသို့၊ နှစ်သောင်းခြံရံ သဃ်ာနှင့်၊ ဒေသစာရီ အမြန်းမှာလ၊ စခန်းစဉ်မြိုင်ရဂုံတို့မှာ၊ ကြိုင်အထုံ တကြူကြူနှင့်၊ သယမ္ဘူ ကိုယ်တော်မြတ်ကိုလ၊ ထွက်နပ်ကယ် ကြိုဆို၍၊ ပန်းထိုထို ပူဇော်ပွင့်ရာကြ၊ ယခင့်အခါ သည်တပုံသို့၊ သည်ရဂုံလိုပင် ရှိရှာလိမ့်၊ တောအတိပန်း။

ဦးမျှင်

### စာဆိုမှာ ကျန်စစ်သား

တိုင်တိုင်းမှာ အလံထူ၍၊ သိုင်းဘွဲ့ဖြူ ယမထာနှင့်၊ တော်မဟာ စင်ညွှန့်ပေါင်းတွင်ဖြင့်၊ ရွှာမောင်း ထောင် ဂါမော်က၊ ဆရာကျော် လူလွန်နှင့်၊ မင်းစာဝန် တသွယ်ပ့်၊ ယင်းပျော်ဖွယ် ဉာဏ်ကျယ် တွဲပါလို့၊ တနဲစီ သံချိုလျှော့ကပ်ပါရ၊ ပေါင်းလေးယောက် ငယ်ကျွန်ယုံ။ ။ မန်းမြို့ပိုင် ပြည်တော်ဝန်က၊ ရှိအလွန် ကြံရွယ်ဆောင်၍၊ လူ့ဘောင်မှာ ကြေညာလှိုင်းပါဘိ၊ တိုင်းသိမ့်သိမ့်တုန်။ ။ ရိမဒ္ဒံပေါက္ကံတိုင်း၊ သမိုင်းစာဈျောင် ရာဇဝင် မတိမ်ကောနိုင်ဘု၊ မင်းစော နော်ရထာကဲ့သို့၊ မတ်မဟာ ထံတော်မှောက်၊ ဦးမြှောက်၍ ပဏ္ဏာလှူ၊ ဗိုလ်ပုံထု ခယမ်း။ ။ ငထွေးရူးကဲ့သို့၊ ချောင်းဦးရွာအဆယ်က၊ ဉာဏ်ကျယ်ကို ပမာညွှန်ခဲ့၊ မင်းစာဝန် ထောင် လက်ရုံးမှာတော့၊ ငလုံးလက်ဖယ်ဟု၊ ယင်းပျော်ဘွယ် ညောင်ဦးဖီးကဲ့သို့၊ ပြည်ကြီးဝန် မိန့်တော်ချက်ကယ်နှင့်၊ ထမ်းရွက်သူ မျက်နှာပဟောင်းတို့၊ ရွာမောင်းထောင် ဂါမော်က၊ ဆရာကျော် ကာလသားမှာတော့၊ ပုပ္ပား တောင်ခြေရင်းဆီက၊ နတ်မြင်းကို မိအောင်ဖမ်းသည့်နှယ်၊ လက်တန်း ဉာဏ်ခေါင်ကဝိပေပေ့၊ မဏိစန္ဒာနှင့်၊ စစ်သည်ပါ ပဏ္ဏာခိုရ၊ စာဆိုမှာ ကျန်စစ်သားကဲ့သို့၊ သထုံဝင်ဂုဏ်ထင်ရှားပေလိမ့်၊ အားလုံးနောက်ထမ်း။ ။

မောင်းထောင် ဦးကျော်လှ

လေ့ကျင့်ခန်း

၁။ သံချိုဟူသည် အဘယ်နည်း။
၂။ လက်တန်းညဏ် ဟူသော စကားကို ရှင်းပြပါ။
၃။ နမူနာပြထားသော သံချိုများအနက် ဦးမျှင်၏ သံချို၌ ကာရန်ယူပုံစနစ်ကို ဖော်ပြပါ။
၄။ သင်နှုတ်တက်ရသော သံချိုတစ်ပုဒ်ကိုရေး၍ အချိုးကာရန်များကို ဖော်ပြပါ။

အခန်း (၁၂)
## တျာချင်း

### တျာချင်းအဓိပ္ပာယ်

"တျာ" ဟူသောစကားသည် ချီးမြှင့်သာယာ ပျူငှာသိမ်မွေ့စွာဖွဲ့ဆိုရသော တေးကဗျာဟု အဓိပ္ပာယ် ရှိသည်။ ထိုသို့ သာယာချိုမြစွာသီဆိုရသော တေးကဗျာမျိုးဖြစ်သောကြောင့် တျာချင်း ဟု ခေါ်ကြသည်။ တျာဘွဲ့ဟူ၍လည်း ခေါ်ရိုးခေါ်စဉ် ရှိသည်။

တျာချင်းဆိုသည်မှာ မြန်မာ့ဂီတတွင် ထံ၊ တျာ၊ တေ၊ တျော စသော အသံစဉ်များရှိရာ သာယာ နာပျော်ဖွယ် 'တျာသံ' ဖြင့်သီဆိုရသော တေးကဗျာတမျိုးဖြစ်သည်ဟု မှတ်သားရသည်။ တျာချင်းကို တူရိယာ နှင့်တွဲဖက်၍ သီ ဆို တီး မှုတ် ရသော တေးသီချင်းအမျိုးအစားဟု ဆိုနိုင်သည်။

### တျာချင်းစပ်နည်း

တျာချင်း ကာရန်ယူပုံ စနစ်သည် လေးချိုး ကာရန်ယူပုံစနစ်နှင့် ဆင်ဆင်တူသည်။ အက္ခရာစာလုံး အရေအတွက်နှင့် အသံသွား အသံလာ ထူးခြားသည်မှအပ လေးချိုးပုံသဏ္ဍာန်ပင် ဖြစ်သည်ဟု လွယ်အောင် မှတ်သားနိုင်သည်။ အဆုံး သတ်တိုင်း "လေး" ဟူသောစကားနှင့် ချရသည်။ ထို့နောက် မိမိနှစ်သက်သလောက် လေးချိုးပိုဒ်များကို ဆက်ကာ ဆက်ကာ ရေးနိုင်သည်။ တစ်ပိုဒ်နှင့်တစ်ပိုဒ်အချိတ်အဆက်မိစေရန် ယခင်အပိုဒ်၏ အဆုံးချ ကာရန်နှင့် နောက်တပိုဒ်၏ အစ ကာရန်ကို ချိတ်မိအောင်စပ်ဆိုရသည်။ တျာချင်း တပုဒ်လုံးကို အဆုံးသတ်လိုသောအခါ အပိုဒ်ငယ်ကလေးနှစ်ခုကို ဖွဲ့၍ အသံအရှိန်သတ်ရသည်။

ပိန်းကောလေ့ငယ်ရှင်

| | |
|---|---|
| (၁) မိုးဦးကာလ၊ ချောင်းကျပြီဆိုလျှင် | – – – –၊ – – – – ✱ |
| ပန်းလောင်ကြောမှာ၊ ပိန်းကောလေ့ငယ်ရှင် | – – – –၊ – – – – ✱ |
| တောင်ဘက်ကယ်တခွင်၊ ထွက်ဝင်ဖောက်ကား | – – – – ✱၊ – ✱ – + |
| ပွဲပါမည့်သူ၊ မပါလူ | – – – ✱၊ – – ✱ |
| ထိုးသူတစ်ယောက်သားငယ်နှင့်လေး။ | – ✱ – – (+) – – –။ |
| (၂) ငါးပိဆားပျား၊ ဖောက်ကားရအောင် | – – – +၊ – + – ✱ |
| ပဲလွန်းပဲကြီး သီးသီးယူကြည်းဆောင် | – – – +၊ – + – – ✱ |
| တက်မကိုမြှောင်၊ ကွမ်းပေါင်နီကြောင်း | – – – ✱၊ – ✱ – + |
| နဘူးခက်ညို၊ ကိုင်းညွှတ်ယို | – – – +၊ – – + |
| ပင်ကို နှီးသားပေါင်းငယ်နှင့်လေး။ | – + – – (✱) – – –။ |

| | |
|---|---|
| (၃) ခမောက်မှာကောင်း၊ အုပ်ဆောင်းငယ်မပါ | – – – ✱ –၊ ✱ – – – + |
| သိုးလည်းမစပ်၊ ဝါးပပ်ကယ်တစေသာ | – – – ✱၊ – ✱ – – – + |
| ထိုးဝါးကိုယ်မှာ၊ ဗယ်ညာပခုံး | – – – +၊ – + – |
| ခြေနှင့်ကျောက်ကန်၊ တွန်းလိုက်လှန် | – – – +၊ – – + |
| အားအန်လွန်ကြီးဆုံးငယ်နှင့်လေး။ | – + – – (✱) – – –။ |
| (၄) ခါးတောင်းကျိုက်လုံး၊ ပခုံးခဲတွေ | – – – +၊ – + – ✱ |
| ချွေးကလည်းစီး၊ ဒီးဒီးကျသည့်ရေ | – – – +၊ – + – – ✱ |
| စားဖို့မှာပေ၊ ချက်လေထမင်း | – – – ✱၊ – ✱ – + |
| မနပ်နိုင်ပြီ၊ တစီစီ | – – – +၊ – – + |
| နန်းနီသာမီးအိုးကင်းငယ်နှင့်လေး။ | – + – – – (+) – – –။ |
| (၅) ဝမ်းလိုဏ်တွင်းငယ်မှာ၊ သွတ်သွင်းမြဲပင် | – – + – –၊ – + – ✱ |
| အငွေ့ခြောင်းခြောင်း၊ စလောင်းနှင့်ငါးပိကင် | – – – +၊ – + – – – ✱ |
| လှေဆိုက်တည့်လျှင်၊ ကြေးလင်နှင့်ကျင်း | – – – ✱ – ✱ + |
| ရိုးရွက်ကယ်ဖူးခေါင်၊ အာ ပါးကိုလောင် | – – – – +၊ – – – + |
| ချဉ်ပေါင်ပူသည့် ဟင်းငယ်နှင့်လေး။ | – + – – (+) – – – ။ |
| (၆) တစ်ယောက်ချင်းသည်၊ ထမင်းခူးသော် | – – + –၊ – + – ✱ |
| တစ်ဆုပ်ကယ်နေ့တိုင်း၊ လမိုင်းရှိပူဇော် | – – – – +၊ – + – – ✱ |
| သွေးသောက်ကယ်ခေါ်၊ အဖော်ပေါင်းညှိ | – – – +၊ – + – ✱ |
| ငုံ့ကာငုံ့ကာ၊ ဝပ်၍သာ | – – – +၊ – – + |
| ဆုပ်ကာလွေးလိုက်ဘိသည်နှင့်လေး။ | – + – – (✱) – – – ။ |

စားမိစားရာ၊ ဝမ်းမှာကျင့်တော့သည်။
ပိန်းကောသူကြီးမှာ၊ ချမ်းသာမြင့်တော့သည်။

ဝန်ကြီးပဒေသရာဇာ

နမူနာပြ ကဗျာများ

၁။ ဝသန်ကာလ မိုးကျတည့်လျှင်

ဝသန်ကာလ၊ မိုးကျတည့်လျှင်
ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေငယ်လင်
လက်တွဲငယ်ခြေငင်၊ ကိုယ်တွင်အဝတ်
ပုဆိုးအကျႌ၊ စုတ်ပြဲပြီ
ချည်နီဖောင်း တွတ်တွတ်ကယ်နှင့်လေး။

မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ
သားသမီးကို၊ ကိုယ်ထီးပွေ့လို့သာ
ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်ယင်း

လယ်ကွက်ကယ်တစ်ခွင်၊ ထွန်ရေးငယ်
ရေဝင်ပုစွန်တွင်းငယ်နှင့်လေး။

ဖားပေါင်စင်းငယ်၊ ခြင်းပလိုင်းဝယ်
ခရုပီလော၊ ရောနှော၍သာလွယ်
ဟင်းရွက်ကယ်နုနယ်၊ တစ်သွယ်ကန်စွန်း
ဆူးပုပ်ကယ်ကင်းပုံ၊ အလုံးစုံ
ဖုံးငုံသာရော၍ပြွမ်းသည်နှင့်လေး။
ချိုလည်းချိုလွန်း၊ ရည်ရွှမ်းများစွာ
ကြံဟင်း ကြွက်နားပေါင်း၊
သောင်းပြောင်းရော၍သာ
အိမ်သို့ရောက်ခါ၊ လျင်စွာချက်ပြုတ်
ထမင်းကပူ၊ ဟင်းကပူ
ရှူရှူသာရှမ်း ငရုတ်ကယ်နှင့်လေး။

အလုတ်ကယ်ဇရာသာ၊ ငုံ့ကာလွေးတော့သည်။
သားမြေးငယ်မာချာ၊ ဗယ်ညာထွေးတော့သည်။

ဝန်ကြီးပဒေသရာဇာ

၂။ နွေဦးကာလ မြူထသောခါ

နွေဦးကာလ၊ မြူထသောခါ
ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ
ဓားနီးထက်စွာ၊ ခါးမှာချပ်လျက်
ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်
ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး။

ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ
စင်အောင်ခုတ်ထစ်၊ နမျစ်ကယ်ထန်းဦးရေ
မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း
သားမြေးဟစ်ကြော်၊ ခွေးဝက်ကယ်ခေါ်
ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး။

ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ
ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ်ခြောက်သောခါ
ပုတတ်ကယ်ယုန်ခါ၊ တောမှာရှိကြ
ငုံး ကြက်ကယ် ဖွတ် မြွေ၊ ဝံပုလွေ
မနေထွက်လာကြသည်တည့်လေး။

ဝမ်းသာအားရ၊ မယားကတစ်သွယ်
ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရော၍လွယ်
လင်ကတသွယ်၊ ယုန်ငယ်ကစ
တောသတ္တဝါ၊ တွေ့တိုင်းကိုသာ
အိတ်မှာသာယူ၍ ချသည်နှင့်လေး။

သို့နှင့်ရောက်က၊ ခဏအောင့်လျှင်
တံစို့ထက်နှင့်၊ ထန်းလျက်ဖိုမှာကင်
ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး
အိုးကင်းနှင့်လှော်၊ ရေနှင့်ကြော်
မိုးမျှော်ငရုတ်သီးငယ်နှင့်လေး။
နီးဒေါင်းလန်းကြီး၊ ချူးပြီးသောခါ
သမီးနှင့်သား၊ များလို့မဝင်သာ
ဒူးတစ်ဘက်ဟာ၊ တွန်းကာဖယ်လျက်
သူ့ထက်ငါလေ၊ စားတော့မည်စေ
စားပေသာလှ အုန်းခွက်ကယ်နှင့်လေး။

ငုံ့လျက်ကိုယ်စီသာ ဆုပ်ကာလွေးတော့သည်။
ပြီးလျှင်ရေမရှာ ခွေးသာကျွေးတော့သည်။

ဝန်ကြီးပဒေသရာဇာ

လေ့ကျင့်ခန်း

၁။ တျာချင်းဟု အဘယ့်ကြောင့်ခေါ်သနည်း။
၂။ 'ပန်းမျိုးစုံလင် ကျောင်းဥယျာဉ်' ဟူသော ခေါင်းစဉ်ဖြင့် တျာချင်းတစ်ပုဒ်ဖွဲ့ပြပါ။
၃။ ထင်ရှားသော တျာချင်းစာဆိုကြီးကို သင်သိပါသလား။ ထိုစာဆိုကြီး၏အမည်ကို ဖော်ပြပါ။
၄။ 'ဝသန်ကာလ မိုးကျတည့်လျှင်' တျာချင်း၏ ကာရန်ယူပုံကို ဖော်ပြပါ။

အခန်း (၁၃)
## အိုင်ချင်း

အိုင်ချင်းအဓိပ္ပာယ်။ ။ အသံ အိုင်အိုင်၊ အသံ မြိုင်မြိုင်နှင့် သံပြိုင်သီဆိုရသော အချင်းမျိုး ဖြစ်သောကြောင့် "အိုင်ချင်း" ဟုခေါ်သည်။ ကောက်စိုက်ရာတွင် မိန်းကလေးများ သီဆိုလေ့ရှိသော ကဗျာ တစ်မျိုးပင် ဖြစ်သည်။

အိုင်ချင်းစပ်နည်း။ ။ အိုင်ချင်းစပ်နည်းမှာ မခက်လှ။ အစချီရာတွင် "ချစ်တဲ့သူငယ်လေ သူငယ်ချင်းကောင်း ယောက်မတို့လေ" ဟု အစချီသည်။ အဆုံးချရာတွင် "အပျိုဖြူငယ်က ကျွမ်း၊ လွမ်းတံ့တင် လေ" ဟူ၍ ချသည်။ လေ့နံ့စားထစ်ကား မဟုတ်ချေ။ "အပျိုဖြူငယ်နမမှာ၊ ကြုံရတင်ရှင်"၊ "အပျိုဖြူ ငယ်ကပေါင်းပါတဲ့၊ သူကောင်းငယ်လေး" စသည်ဖြင့် ရေးဖွဲ့လေ့ရှိသည်။ တခါတရံတွင် "ချစ်တင်းငယ် နှောသည်၊ ပြောစို့ငဲ့လေး" ဟူ၍လည်းကောင်း၊ "မြင်တိုင်းမုန်းစရာ၊ ဂုန်းမအို၊ ရေလိုခန်းခြောက်ပါစေသား" ဟူ၍ လည်းကောင်း ရေးဖွဲ့တတ်သေးသည်။ ဉာဏ်ရှိသလို ဖွဲ့နိုင်ခွင့်ရှိသည်။ စည်းကြီးကမ်းကြီးကား မဟုတ်လှ။ ထို့ကြောင့် ကာရန်ယူပုံစနစ် အထူးမပြတော့ပြီ။ နမူနာပြ အိုင်ချင်းများကို လေ့လာလျှင် နားလည်နိုင်လောက်ပြီ။

နမူနာပြ ကဗျာများ

၁။ ချစ်တဲ့သူလေ
သူငယ်ချင်းကောင်း ယောက်မတို့လေ။

ဝါဆိုငယ်မှ ဝါခေါင်၊ ရေဖောင်ဖောင်နှင့်
ရွှာတောင်ကချောင်း၊ ရွှာနောက်ပေါင်းကို
ထနှောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ
မိုးမရွာသည်၊ ရွာပါသော်လဲ မိုးမသဲ။
လယ်ပြင်ငယ်မှ ပတ်သန်း
ပျို့ကောက်ငန်းနှင့်၊ အလွမ်းငယ်မှဖျော်ရာ
နမကြီးမယ်သာစိုက်တဲ့ ကောက်ငန်းတာကို
မောင်ကလေးငယ် မောင်မလာသည်
မလာကတဲ–နမကြီးငယ်ဝမ်းမနည်း။
ကောက်ငန်းငယ်မှ သွယ်ဝိုက်
ကန်သင်းပေါ်က၊ မျှော်မိလိုက်တိုင်း
ပျိုကြိုက်တဲ့သူ၊ ပဝါထည်ကို
ထိပ်လည်မှာပေါင်း၊ ဆံသွယ်ပျောင်းငယ်နှင့်
ပေါင်းကြော့လူကို၊ စိတ်တူနှော၍၊ မပြောရလေ
ရင်းမာပန်လျက်၊ ကောက်စိုက်တက်ကို

လက်ခုပ်ပင်တောင်၊ ပညောင်ပင်လှ၊ နှောပင်ခွနှင့်
လမ်းမတိုးလျှို၊ ဆီးချုံရိပ်မှာလ၊ တဆိတ်ကယ်ခိုပြီးလျှင်
ချုံညိုစွန်းမှာတဲ့ – အလွမ်းဖြေလေး။

၂။ ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း ယောက်မတို့လေ။
ငါ့ကိုလွယ် အမယ်ကြီးနှင့် ဘကြီးဖျက်လို့
အိမ်လေးထောင့်မှာ ဆူးတွေချလျက်
ဖျက်နည်းငယ်မှစေ့စုံ
လှေကားခုံမှာ
ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်။
လှေကားဦးမှာ – ဘီလူးမောင့်ကြောင့် စောင့်တော့တယ်။
လှေကားခြေမှာ – ဆူးလေမောင့်ကြောင့် ကြိတော့တယ်။
အိမ်တိုင်တိုင်းမှာ – နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်။
ထရံကြားမှာ – ဓားသွားမောင့်ကြောင့် ထားတော့တယ်။
အိမ်ကြမ်းကြားမှာ – အပ်သွားမောင့်ကြောင့်စီတော့တယ်။
အိမ်မိုးခေါင်မှာ – လုံထောင်မောင့်ကြောင့် စိုက်တော့တယ်။
မောင်လဲဘယ်ကတက်ပါ့မယ်၊ မယ်လဲဘယ်ကဆင်းပါ့မယ်။
ကြွက်ကဲ့အယောင်၊ ကြောင်ရဲ့အလား
ထုပ်နှင့်ယောက်ကို၊ ထိုးဖောက်သွားက
ထုပ်သားငယ်မှမခိုင်၊ ထုပ်တိုင်ငယ်မှပိုးထိုး
အလယ်ခေါင်မှာ၊ ဖောင်ဖောင်ကျိုးက
သူခိုးဆိုညွန်း၊ မီးတင်ထွန်းလို့၊ ဝန်းကြသောခါ
ဆင်းချခုန် – လမ်းဆုံရောက်ပါလိမ့်မယ်လားရှင်။
ညီမအထွေး–ရွှေတလေးကို၊ ပြေး၍ကြည့်ချေ
စေလသောခါ၊ အမယ်မမ၊ ကျွန်မခဲ့အို၊ မြင့်ငဲ့ငါတို့
ရွာလယ်ခေါင်တွင်၊ ခုတင်ကြီးမှာ၊ စောင်းတီးလို့လေး။

ရှင်ငြိမ်းမယ်

၃။ ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း ယောက်မတို့လေ။
မြင်းမနီသား၊ မြင်းကျားခွာမဲ
တလုံးထဲနှင့်၊ အိုးလွှဲပစ်တင်
တိမ်မိုးမည်းနှင့်၊ ကသည်းစစ်သို့၊ နှစ်မည်ဝင်သည်
သန်လျင်ကို ရောက်ဖူးပါစရှင်။
သန်လျင်ငယ်မှမက၊ မုတ္တမနှင့်
ဒလတသွယ်၊ ထားဝယ်တခြား
ယိုးဒယားတလိုက်၊ ကမန်ပိုက်ကို၊ တိုက်သောခါမှု
ဓားကိုသို့ကိုင်၊ လှံကိုသို့နှတ်

စစ်မြေပြင်မှာ၊ ဝင်ကာခုတ်၍
တရုတ်ကယ်ရှမ်းပြေ၊ ထွားထွားငယ်ကြေ၊ အောင်လေပြီတဲ့
ဆီမလူးတဲ့ ပေဖူးစာနှင့်၊ မှာလိုက်ကဲ့ရှင်
အပျိုဖြူငယ်ကကျွမ်း – လွမ်းတုံ့တင်လေး။

အိုင်ချင်းနှင့်ပတ်သက်၍ သက္ကရာဇ် ၇၀၀ ကျော်၊ ၉၀၀ ကျော်အတွင်း ရွှေဘိုမြို့တောင်ဘက် သုံးထောင့်အိုင်ရွာမှစတင် ပေါ်ပေါက်လာသော သုံးထောင့်အိုင်ချင်းနှင့် သက္ကရာဇ် ၁၁၀၀ ပတ်ဝန်းကျင်၌ ပေါ်လာသော ရာပြည့်အိုင်ချင်း ဟူ၍ အိုင်ချင်းအမည်များ တွေ့ရသည်။ ထင်ရှားသော အိုင်ချင်းစာဆိုများမှာ တောင်တွင်းရှင်ငြိမ်းမယ်၊ လက်ဝဲသုန္ဒရ စသည်တို့ ဖြစ်သည်။

လေ့ကျင့်ခန်း
၁။ အိုင်ချင်း၏အဓိပ္ပာယ်ကို ရှင်းပြပါ။
၂။ မိမိကျောင်းသာယာပုံကို အိုင်ချင်းတစ်ပုဒ်ဖွဲ့ဆိုပါ။
၃။ သင်အနှစ်သက်ဆုံး ရှေးကအိုင်ချင်းတစ်ပုဒ်ကို ရေးပြပါ။

အခန်း (၁၄)
## လွမ်းချင်း

### လွမ်းချင်းအဓိပ္ပာယ်

လွမ်းချင်းဆိုသည်မှာ လွမ်းဆွတ်ကြည်နူးဖွယ်ကောင်းသော တေးသံဖြင့် ဖွဲ့ဆိုထားသည့် တေးကဗျာဖြစ်သည်။ ရွှေဘိုမြို့ မြောက်ဘက် ကျေးလက်တောရွာများမှ စတင်ပေါ်ပေါက်လာသောကြောင့် ယခင်က "မြောက်ဘက်သံ" ဟု ခေါ်တွင်ခဲ့ ကြောင်း သိရသည်။

### လွမ်းချင်းစပ်နည်း

လွမ်းချင်းတွင် အချိုးနှစ်ခု ပါသည်။ အချိုး၏ အဆုံးများတွင် "လေး" ဟူသော စကားပါလေ့ရှိသည်။ စကား သုံးလုံး၊ လေးလုံး၊ ငါးလုံး၊ ခြောက်လုံး မှန်မှန်ပါတတ်၍ တစ်လုံးချိတ်ကာရန်ကို အသုံးများသည်။ ကာရန်ယူပုံမှာ လင်္ကာစပ်ကာရန် ယူပုံယူနည်းမျိုးပင် ဖြစ်သည်။ သို့ရာတွင် ပါဒအတွင်း၌ ပြန်ဂဟပ်ကာရန် ခေါ် ခြသေ့်လည်ပြန်ကာရန်ကိုလည်း အသုံးပြု ဖွဲ့ဆိုတတ်သေးသည်။

ပြန်ဂဟပ်ကာရန် ဆိုသည်မှာ ကာရန်တစ်ခုကို ခံထားပြီးနောက် ထိုကာရန်နှင့်မတူသော ကာရန်သစ်တစ်မျိုးကို ပြောင်းပြီးနောက် မူလကခံခဲ့သော ကာရန်ကို ပြန်အုပ်ခြင်းဖြစ်သည်။ ပြန်ဂဟပ်ကာရန်ယူပုံကို ခြသေ့်လည်ပြန် ဟုလည်း ခေါ်သည်။

လွမ်းချင်းသည် တေးဂီတဘက်သို့ တိမ်းညွတ်သော ကဗျာမျိုးဖြစ်သည်။ ရွတ်ဖတ်သောအခါ ဂီတသံပေါက်အောင် ရွတ်ဖတ်ရသည်။ စာလုံးရေ အနည်းအများထားပုံ၊ အသံသွား အသံလာ ပြေပြစ်အောင်ဖွဲ့ပုံတို့ကို ရွတ်ဆိုကြည့်မှသာ ကျကျနန နားလည် သဘောပေါက်ပေမည်။

လွမ်းချင်း၌ ကာရန်ယူပုံစနစ်ကို အောက်ပါကဗျာတွင် လေ့လာနိုင်ပါသည်။

ရွက်သစ်လောင်းချိန်

| | |
|---|---|
| စုံတကြောမှာတဲ့ | − − + − − |
| အံသြငယ်မကုန် | − + − − + |
| ပန်းနံ့ငယ် ထုံသည် | − + − + − |
| ရွှေဖီငုံ ညှာတံကြွေလို့ | − − + − − + − |
| တောင်လေ သွင်းပြန်တော့တယ်လေး။ | − + − − − − (✳)။ |
| | (ပထမအချိုး) |
| နွေဂိမာန်ငယ် | − − + − |
| ဝသန်ခါပြောင်း | − + − + |
| ရွက်သစ်ကယ် လောင်းလို့ | − − − + − |
| နှာမောင်း ရစ်ခွေ | − + − + |
| ဖူးညွန့်ဝေနှင့် | − − + − |
| မြသေလာမွန် | − + − + |
| ရေတံခွန်လဲ | − − + − |

| | |
|---|---|
| စီးဝှန်ညာဇယ် | – + – * |
| နှစ်မြောင်စမ်းနှင့် | – – + – |
| ခင်တန်းစွယ် | – + * |
| တူရယ်မကွာ | – + – * |
| ဒေါင်းဖိုမတို့ | – – + – |
| တွန်ကြသံသာသော့ခါ | – + – * – – |
| လွမ်းဗျာထု ရွှေဘွင်မှာ | – + – – + – |
| ဖြေမရှင် ဖော်ကွာဝေးသူတို့ | – – + – – + – – |
| ဆွေးချည့်မယ်လေး။ ။ | + – – (*)။ |
| | (ဒုတိယအချိုး) |

လှိုင်ထိပ်ခေါင်တင်

အထက်ပါလွမ်းချင်းတွင် ပြန်ဂဟပ်ခေါ် ခြသေ့်လည်ပြန်ကာရန် ယူထားသောအဖွဲ့ နှစ်နေရာပါသည်ကို သတိပြုပါ။ "စီးဝှန်ညာဇယ်" ဟူသော ပါဒတွင် "အယ်" ကာရန်ကို ခံထားပြီးနောက် ထိုကာရန်နှင့် မတူသော "နှစ်မြောင်စမ်းနှင့်" မှ "စမ်း"၊ "ခင်တန်းစွယ်" မှ "တန်း" ဟူသော အခြားကာရန်တစ်မျိုးကို ပြောင်းယူပြီးနောက်မှ မူလခံခဲ့သော "အယ်" ကာရန်ကို ပြန်၍ အုပ်ထားသည်။ "စွယ်" သည် မူလခံခဲ့သော "အယ်" ကာရန် "ဇယ်" ကို ပြန်အုပ်ထားခြင်းဖြစ်သည်ဟု ဆိုလိုသည်။

အခြားတစ်နေရာ၌ "တူရယ်မကွာ" တွင် "ကွာ" ဟူသော "အာ" ကာရန်ကို ခံခဲ့ပြီးနောက် "ဒေါင်းဖိုမတို့" မှ "မ"၊ "တွန်ကြသံသာသော့ခါ" မှ "ကြ"ဟူသော ကာရန်သစ်တစ်မျိုးကို ယူခဲ့သည်။ ထို့နောက်မှ "သာ" ဟူ၍ မူလ "အာ" ကာရန်ကို ပြန်အုပ်ခဲ့သည်။

နမူနာပြ လွမ်းချင်းများ

ယဉ်ပေ့တောသူ

လေပြည်ငယ်သုတ်ပါလို့၊ ရွှေဘုတ်ကယ်အိုးအီ၊ အုံ့မှိုင်းငယ်ရီ၊ နေမီအောင် တခိုလှမ်းခဲ့ရ၊ ကောက်ငန်းက သူပြန်ပုံမှာ၊ ခတ္တာငုံ ပန်းနှစ်ဆင့်ငယ်နှင့်၊ ပန်းဝင့်လို့ရွာကိုဝင်၊ အမြင်ဆန်းပါဘိတယ်လေး။

ညဦးချမ်းရယ်နေရီ၊ ချိန်တော်မီ၊ ကေသီပန်းနှင့်၊ ရေခပ်လမ်းမှာ၊ စခန်းသင့်လို့၊ ထက်ဆင့်နီရောင်၊ ချည်စိမ်းပေါင်နှင့်၊ ယဉ်အောင်တောသူ၊ သနပ်ခါး ကွက်ပါးမှာကူလို့၊ အမူကြီးကမ်းကုန်ကို၊ ဘယ်မြို့ပုံ သာချင်သောရယ်လို့၊ ပြောကြမယ်လေး။

ဦးကြီး

မောင်ကြီးတို့ ပျော်စံရာ

မလွမ်းရှေ့သော်ကော့၊ ကျွန်းမော့မော့မြောက်ခွင်၊ မူးရေယဉ် လက်ယာစီးပါလို့၊ မောင်ကြီးတို့ပျော်တဲ့ ရွာ၊ မြောက်ညာနှင့် တောင်စွယ်လက်ကယ်က၊ အင်းနှစ်ဘက် ကာတယ်လေး။ တစ်ခေါက်ကယ်လမ်းဆုံ၊ ရွာသဘောကို ပြောမယုံသော်၊ ကြုံလျှင်ဝင်ခဲ့ပါလားနော် အဝေး။

နမပြာဖြူ၊ ရောက်တော်မူလျှင်၊ မပူချမ်းငြိမ်၊ အခြင်ရယ်မြေနီး၊ ထန်းရွက်ကယ်စီးပါတဲ့၊ မောင်ကြီး အိမ်မှာ၊ စည်းစိမ်ငယ်ခံ၊ ဟင်းချဉ်ပေါင်ဖက်၊ ပြုတ်ဗူးရွက်နှင့်၊ ပိချက်ကယ် ရံပြီးလျှင်၊ ဆန်ထမင်း ရဲကျော်ကြီး ဝန်ကတော် ပုံလောက်ပြေးအောင်၊ ကျွေးပါ့မယ်လေး။

ဦးကြီး

## ဆယ့်အိမ်မင့် စည်းစိမ်

စည်းစိမ်ကြီးပါဘိ၊ ရတ်သီးတောင့်ကိုင်၊ နှစ်ယောက်ကယ်ထိုင်၊ ယုဉ်လက်ပြိုင် ကျယ်စပျစ်ကယ်နှင့်၊ ဖွယ်သစ်မြေအင်ရံလို့၊ ဖွန်းမတန် ကန်ယောက်သွားငယ်နှင့်၊ ကြွက်နဖား ပုန်းရည်ကျိုသည်၊ အလိုဗျာ စားပုံတင့် ပါဘိ၊ ခေါင်းမင့်ဆယ်အိမ်ပေမို့၊ အခြေကြီးလှတောင်းကိုလေး။

စားသောက်ဖွယ်ရာ၊ ပြီးသောခါဝယ်၊ ရသာချမ်းငြိမ်၊ အခြင်မြေသက်၊ ပင်ထန်းရွက်နှင့်၊ ခေါင်ပျက် အိမ်တွင်၊ စည်းစိမ်ကြီးရင်၊ ခြေလိမ်တင်လို့၊ ခုတင်ကြမ်းပေါက်၊ သုံးချောင်းထောက်မှာ၊ မှောက်ချည် လှန်ချည် အဆီရယ်ဖိန်း၊ မိုန်းတဲ့ချည်နှင့်၊ မကြည်သမ်းဝေ၊ ထည်မင်းပုံနေလိုက်တယ်၊ နွားရေပြန့်အပေါ်မှာ၊ ခေါင်းကတော် ကိုယ်တိုင်နှိပ်ခါမှ၊ သူ အိပ်တယ်လေး။

ဦးကြီး

လေ့ကျင့်ခန်း

၁။ လွမ်းချင်းဟူသည် အဘယ်နည်း။

၂။ ပြန်ဂဟပ် ခေါ် ခြသေ့လည်ပြန်ကာရန် အကြောင်းကို နမူနာပြ၍ ရှင်းပါ။

၃။ "တောဟောဝန်" ဟူသော ခေါင်းစဉ်ဖြင့် လွမ်းချင်းတစ်ပုဒ်ကို စီကုံးပါ။

၄။ နမူနာပြ ကဗျာများအနက် သင်နှစ်သက်ရာ တစ်ပုဒ်ကို ကာရန်ယှဉ်ပုံနှင့်တကွ ဖော်ပြပါ။

အခန်း (၁၅)

## တေးထပ်

တေးထပ်အဓိပ္ပာယ်။ ။ "တေးထပ်ဟူသည်ကား တေးရိုးတွင်ထပ်၍ စပ်သောကြောင့် တေးထပ်ခေါ်သည်" ဟူ၍ ကဗျာဗန္ဓသာရကျမ်းတွင် ဆိုသည်။

တေးထပ်စပ်နည်း။ ။ တေးထပ်စပ်နည်းကို အပိုင်း ၃ ပိုင်းခွဲ၍ ကြည့်ကြစို့။ ပထမပိုင်းတွင် ၄ ပိုဒ်ခံ၊ ၂ ပိုဒ်အုပ်သည်။ ဒုတိယပိုင်းတွင် ၂ ပိုဒ်တက်၊ ၂ ပိုဒ်ခံ၊ ၂ ပိုဒ်အုပ်သည်။ တတိယပိုင်းတွင် ၄ ပိုဒ်ခံ၊ ၂ ပိုဒ်အုပ်သည်။ အားလုံးပေါင်း ၁၈ ပိုဒ်ရှိသည်။ အဆုံးပိုဒ်တွင် "လေး" ဟူသော စကားလုံးဖြင့် သတ်ရသည်။

ထို့ကြောင့်
"အာဒိ၀စနံ၊ လေးပိုဒ်ခံ၊ အမှန်နှစ်ပိုဒ်အုပ်။
နှစ်ပိုဒ်တက်ပြန်၊ နှစ်ပိုဒ်ခံ၊ အမှန်နှစ်ပိုဒ်အုပ်။
အာဒိ၀စနံ၊ လေးပိုဒ်ခံ၊ အမှန်နှစ်ပိုဒ်အုပ်။"
ဟူ၍ ရှေးပညာရှိများ အမှတ်အသားပြုခဲ့ကြသည်။

တေးထပ်စပ်တတ်အောင် ဆရာကြီး စလေဦးပုညက နည်းပေးခဲ့သည်မှာ မှတ်သားဖွယ်ကောင်းသည်။ ဦးပုည၏နည်းမှာ "စပ်မူနည်းရေးလိုပါလျှင်၊ တေးကိုသာရအောင်ကျက်ပါတော့၊ ခက်လှဖူးမျိုးသိင်္ဂါ၊ စိုးရိမ်နှင့်ဗျာ" ဟူ၍ဖြစ်သည်။ တေးထပ်စပ်နည်းတတ်လိုလျှင် တေးထပ်အမျိုးမျိုးကိုသာ ရအောင်ကျက်ပါတော့ဟု ဆိုလိုသည်။ အခြား ကဗျာစပ်နည်းများကို ကျွမ်းကျင်လိုလျှင်လည်း ဦးပုည နည်းပေးခဲ့သည့်အတိုင်း "တေးကိုသာ ရအောင်ကျက်ပါတော့" ဟူသောနည်းပင်တည်း။ ဦးပုညပေးခဲ့သော နည်းကောင်းတစ်လက်ပင်။

နမူနာ

ပထမပိုင်း

| | | |
|---|---|---|
| ၄ ပိုဒ်ခံ | (၁။ တေးထပ်ကို ဉာဏ်ဆလို့ | − − − − + − |
| | (၂။ ကြံကြတော့စပ်ပုံ | − + − − + |
| | (၃။ ဆယ့်ရှစ်ပိုဒ် တွေ့ကြုံလျှင် | − − − − + − |
| | (၄။ အလုံးစုံပြည့်မြဲ။ | − − + − ✳။ |
| ၂ ပိုဒ်အုပ် | (၅။ အစမှာ ခြောက်လုံးချီသည် | − − − − − + − |
| | (၆။ ဆုံးလေပြီ ခုနစ်နှင့်ပဲ။ | − − + − − − ✳။ |

ဒုတိယပိုင်း

| | | |
|---|---|---|
| ၂ ပိုဒ်တက် | (၇။ ၍၊ ဤ၊ ၌၊ သည်၊ ကိုမှာ | – – – – – + |
| | (၈။ သဒ္ဒါကိုမှတ်စွဲ။ | – + – – ✱။ |
| ၂ ပိုဒ်ခံ | (၉။ အဓိပ္ပာယ် တယ်မလွဲစေနဲ့ | – – – – – – ✱ – – |
| | (၁၀။ ကြံခဲလို့စပ်ပါ။ | – ✱ – – (+)။ |
| ၂ ပိုဒ်အုပ် | (၁၁။ သတ်ခြောက်ထွေ စပ်ခြောက်ပါး | – – – – – + |
| | (၁၂။ မမှားအောင် ကြည့်ကြလေရာ။ | – + – – – – (+) |

တတိယပိုင်း

| | | |
|---|---|---|
| ၄ ပိုဒ်ခံ | (၁၃။ ပေါရာဏကထာကို | – – – – (+) – |
| | (၁၄။ အခါခါ ဥာဏ်ရှုလို့ | – – (+) – + – |
| | (၁၅။ ချေင်းစု လင်္ကာတွေ | – – + – – + |
| | (၁၆။ ကျွမ်းသင့်လှပေ။ | – – – ✱။ |
| ၂ ပိုဒ်အုပ် | (၁၇။ တေးထပ်ရိုး သူ့အနေမှာ | – – – – – ✱ – |
| | (၁၈။ စပ်ကြလေ ဥာဏ်သွားနဲ့လေး။ | – – ✱ – – – –။ |

ကာရန်စနစ်ကို ပုံစံဖြင့်ပြပြီးဖြစ်၍ စာဖြင့် ထပ်၍ရှင်းမပြတော့ပါ။ ကျောင်းသူ ကျောင်းသားများ နားရှုပ်ထွေးမည်စိုး၍ အကျယ်မပြခြင်း ဖြစ်ပါသည်။

တေးထပ်သည် စောင်း၊ ပတ္တလား စသော တူရိယာပစ္စည်း တခုခုနှင့် သီဆိုရသော တေးကဗျာမျိုး ဖြစ်ရာ တေးထပ်ကို သီဆိုတတ်အောင် လေ့ကျင့်ရာသည်။

မန္တလေးခေတ်သည် တေးထပ်ထွန်းကားသော ခေတ်ဖြစ်သည်။ ဦးပုည၊ အချုပ်တန်းဆရာဖေ၊ တောင်သမန်လယ်စား မောင်ဖေငယ် စသော စာဆိုတို့၏ တေးထပ်များကို ရှာဖွေလေ့လာကြရန် ဖြစ်သည်။

**နမူနာပြ တေးထပ်များ**

၁။ သူပြောင်ယင် ခေါင်ကွန့်လို့<br>
ကြောင်ဝံ့တဲ့ လူပါ<br>
ရှောင်မတွန့် ကျောက်သော်မာယင်<br>
နောက်တော်ပါ သံချောင်း။<br>
ပျော့ကြစို့ ညီလွယ်ယင်<br>
ရွှေဆီဝယ် ချက်တဲ့ဖယောင်း။<br>
အိုးတော်က မဲ့ပိန်ယင်<br>
ရွှဲ့လိမ်လိမ် စလောင်း။<br>
သူချီယင် ကြံချောင်းပ<br>
ဉာဏ်စောင်း၍ ခါးမူ။<br>
တမာပင် ထိပ်ဖျားက<br>
ကြက်ဟင်းခါး သီးနိုင်တဲ့လူ။

သူမည်းက မှောင်ကူမယ်
သူဖြူယင် ဖြူချင်းပဲ့
ကြင်ချင်း ကြင်မယ်ဆို
ကိုးဆလောက်ပို။
ဆိုးကြစို့ တကယ်ဆိုယင်
ဒမြဗိုလ်လုပ်နိုင်ငဲ့လေး။

ဦးပုည

၂။ စည်းစိမ်တော်ယစ်မူးလို့၊ မဖြစ်ဖူး ဣန္ဒာ၊ ကသစ်ဦး သိင်္ဂါမှာ၊ အလိမ္မာလွန်သား။ ။ ရွှေငါးသန်း နှစ်ကုဋေမှာ၊ အဖျော်ဖြေ ကြုံးရော့သလား။ ။ ဘသူ့ကမှ မမူလာတယ်၊ ကရုဏာတရား။ ။ လူ့ရွာကို ရှုပါ ဦးမယ်လို့၊ ဘုရားကိုသူဝါ။ အင်ကြင်မြိုင် ကုသိန်နန်းမှာ၊ စာ စာတမ်းထိုးလျက်ပါ။ ။ ကောဝိလသာမိပါ၊ အိုဣန္ဒာသိကြားငဲ့၊ ဘုရားကို ကိုးကွယ်မှန်၊ ဆင်ခဲ့မြန်မြန်။ ။ ထောင်စက္ကူ မှိန်ခဲ့ပြန်လျှင်၊ စိန်မျက်မှန် ဆက်မယ်ပဲ့လေး။

ဦးပုည

၃။ ရွှေဝတီဘုံအုပ်၊ စာလုပ်တိုင်း ငါပါ၊ ဘယ်တော့ကမှ လူ့ရွာကို၊ မရှုတာမရှိ။ စိတ်ညစ်တိုင်း အပြစ်တင်သည်၊ ငါဘုရင် မိုးကအသိ။ ။ အကျင့်တန် စာဂီမှာ၊ တဆံခြည်မရှိ။ ။ ဘယ်သူ့မှာ ဘာမရှိတယ်လို့၊ ငါမသိ ထင်တယ်။ ။ ဘယ်ဖူးစာ ဘယ်မှာညားတာလဲ၊ ငါသိကြားသိပါရဲ့ကွယ်။ ။ ကယ်သင့်မှ ငါကယ်မယ်၊ တကယ်ပင် ဇကန်မှတ်ပါတော့၊ ဝတီရပ်ငါးဘုံစံ၊ ကြေးတွက်မည်ကြံ။ ။ မကောင်းမှု ကျုပ်ကြံလျှင်၊ ရွှေစာရုံစူးပါစေ့လေး။ ။

ဦးပုည

**လေ့ကျင့်ခန်း**

၁။ နမူနာပြထားသော တေးထပ်များအနက် နှစ်သက်ရာ တစ်ပုဒ်၏ ကာရန်ယူပုံကို ဖော်ပြပါ။
၂။ တေးထပ်ဟူသည် အဘယ်နည်း။
၃။ တေးထပ်စပ်တတ်လိုလျှင် မည်သို့ကျင့်သုံးရမည်ဟု ဦးပုညက မှာသနည်း။
၄။ အောက်ပါအကြောင်းအရာတို့ကို တေးထပ်ဖွဲ့ပါ။
(က) မြတ်ဆရာ
(ခ) ဘုရားပွဲတော်
(ဂ) မိုးသောက်ချိန်

# မိုးမခ ကွန်ယက်

## မိုးမခ၏ ဂုဏ်ထူးဆောင်များ

၂၀၁၁ မိုးမခမိတ်ဆွေများ = အင်န်အယ်ဒီထောက်ကူသည့် နိုင်ငံရေးအကျဉ်းသား ၆၀၀

၂၀၁၀ သက်ကြီးစာပေပညာရှင် – မောင်သာရ၊ ဦးဝင်းဖေ၊ မောင်စွမ်းရည်၊ ဒေါ်မာမာအေး

၂၀၀၉ ခုနှစ် မိုးမခချစ်သူများ – အင်န်အယ်ဒီပါတီ၊ လူထု စိန်ဝင်း၊ မောင်ဝံသ၊ အတွေးအမြင် မဂ္ဂဇင်း

၂၀၀၈ ခုနှစ် – မိုးမခချစ်သူများ – ဟံသာဝတီ ဦးဝင်းတင်

## အကြံပေးအဖွဲ့

တင်မိုး (၂၀၀၃–၂၀၀၆)၊ မောင်စွမ်းရည် (၂၀၀၃ မှ)၊ မာမာအေး (၂၀၀၆ မှ)၊ ဦးဝင်းဖေ (၂၀၀၆ မှ)၊

ကြေးမုံဦးသောင်း (၂၀၀၇ – ၂၀၀၈)

## အယ်ဒီတာ အဖွဲ့

မောင်ရစ် (၂၀၀၃)၊ ဇာနည်ဝင်း (၂၀၀၄)၊ မျိုးအောင်လင်း (၂၀၀၉)၊ ကိုဦး (၂၀၁၀)

## စာစောင် နှင့် ဒီဇိုင်း

ကိုဦး၊ မသန္တာ (၂၀၀၅)၊ အောင်ထက် (၂၀၁၀)

## အသံ

ရေဒီယိုချစ်သူများ (ဆစ်ဒနီ) – ဦးပန်တျာ(၂၀၀၆)၊

(နန်းဖောဆေး၊ စောအယ်ကော၊ မေရီ၊ ခင်သက်ပန်၊ နှင်းမြတ်ခိုင်၊ သံစဉ်ရတနာ)

## သတင်း နှင့် ပြန်ကြားရေး အဖွဲ့ (၂၀၀၄)

မိုးမခ အထောက်တော်များ

## ဝိုင်းတော်သားများ

မြန်မာအိုင်အက်စ်ပီ (၂၀၀၆)၊ ဩရသ (၂၀၀၇)၊ ကောင်းကင်ပြာ (၂၀၀၈)၊ မိုးမခဝင်း (၂၀၀၇)၊ အောင်ဝေး (၂၀၀၈)၊
ညွန့်ထွေး (၂၀၀၈)၊ ဇေမှိုင်း (၂၀၀၈)၊ သန်းစိုးလှိုင် (၂၀၀၈)၊ မိုးချိုသင်း (၂၀၀၈)၊ ဟေမန်သဇင် (၂၀၀၈)၊
သစ်ကောင်းအိမ် (၂၀၀၉)၊ မိုးစဲနေ (၂၀၀၉)၊ ဝင်းမြတ် (၂၀၀၉)၊ လောအယ်စိုး (၂၀၀၉)၊ ခိုင်မာကျော်ဇော (၂၀၀၉)၊
ဂျစ်တူး (မုံရွာ) (၂၀၀၉)၊ ပန်းချီအောင်လတ် (၂၀၀၉)၊ ကာတွန်း စောငို (၂၀၁၀)၊ ကာတွန်း ဘီရမာ (၂၀၁၀)၊ ပန်းချီ
အောင်ထက် (၂၀၁၀)၊ ကာတွန်း ဇော်မှိုင်း(ဥက္ကလံ) (၂၀၁၀)၊ ရန်ဝင်း (တောင်တံခါး) (၂၀၁၀)၊ ခင်လွန်း (၂၀၁၀)၊
ဇာဝါရီ (မယ်ရီလန်း) (၂၀၁၁)၊ ကိုတင်အေး (၂၀၁၁)၊ ကေ (၂၀၁၁)၊ ပွင့်ဖြူနန္ဒာ (၂၀၁၁)၊ မိုးယံမခ (၂၀၁၁)၊
ခင်နှင်းလွင် (၂၀၁၁)၊ သူရိန်ထက် (၂၀၁၁)၊ သန်းဝင်းလှိုင် (၂၀၁၁)၊

## မိုးမခ မီဒီယာ က ထုတ်ဝေခဲ့သည့် စာအုပ်နှင့် မှတ်တမ်းများ စာရင်း

(၁) မိုးမခ ရေဒီယို – တင်မိုးနဲ့ ၁၂ လရာသီ ခံစားမှုများ၊ အသံသွင်းအင်တာဗျူး စုစည်းမှုများ၊ ၂၀၀၄

(၂) မိုးမခ ရေဒီယို – ၂၀၀၄ ခုနှစ် အပတ်စဉ် အစီအစဉ်များ အသံဖိုင်ပေါင်းချုပ်၊ ၂၀၀၅

(၃) ဇာဂနာ – သီးလေးသီးနဲ့ ဆေးရောင်စုံအငြိမ့်၊ ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၆

(၄) မိုးမခ မီဒီယာ – လစဉ်သတင်းလစျာများ ၂၀၀၆ ပေါင်းချုပ်၊ ပီဒီအက်ဖ် စီဒီ၊ ၂၀၀၇

(၅) ဇာဂနာ – ၁၉၉၀ သင်္ကြန် သံချပ်များ – စီဒီ ရုပ်သံခွေ ၊ ၂၀၀၇

(၆) ၂၀၀၇ သံဃာ့သပိတ် အရေးတော်ပုံ ဓာတ်ပုံမှတ်တမ်းများ – ပီဒီအက်ဖ် စီဒီ ၊ ၂၀၀၇

(၇) ၂၀၀၇ သံဃာ့သပိတ် အရေးတော်ပုံ အမှတ်တရ တေးသီချင်း၊ ကဗျာ မှတ်တမ်းများ – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၇

(၈) ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်း ၁ လ ပြည့်၊ ဖလ်မီးအိမ်သို့ အလွမ်းစာ စာစုများ – စာအုပ်၊ ၂၀၀၇

(၉) ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်း ၆ လ ပြည့်၊ စာပေဆွေးနွေးပွဲ အထိမ်းအမှတ် – စာအုပ်၊ ၂၀၀၇

(၁၀) မိုးမခ မီဒီယာ – ကြေးမုံ ဦးသောင်း (အောင်ဗလ) ကွယ်လွန်ခြင်း – အမှတ်တရ စာစုများ – စာအုပ်၊ ၂၀၀၈

(၁၁) သီးလေးသီးနဲ့ ဆေးရောင်စုံ အငြိမ့်၊ ကန်တော်ကြီး မျှော်စင်ကျွန်းပွဲ ၂၀၀၇ – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၈

(၁၂) မိုးမခ မီဒီယာ – ဒေါ်အောင်ဆန်းစုကြည် ၆၃ နှစ်မြောက်မွေးနေ့ပွဲ ဒေါ်မာမာအေး ဂုဏ်ပြုအစီအစဉ် – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၈

(၁၃) မိုးမခ မီဒီယာ – ဟံသာဝတီ ဦးဝင်းတင် နှင့် စာနယ်ဇင်းဆောင်းပါးများ – စာအုပ်၊ ၂၀၀၈

(၁၄) မိုးမခ မီဒီယာ – မာမာအေး ဖောင်းဒေးရှင်းရန်ပုံငွေ – သီချင်းစီဒီ ၊ ၂၀၀၈
(အမျိုးသားရေးသီချင်းသစ်များ နှင့် နိုင်ငံတော်သီချင်း ပြန်လည်ထုတ်ဖော်မှု)

(၁၅) မိုးမခ မီဒီယာ – တာရာမင်းဝေ အမှတ်တရ စာစုများ – စာအုပ်၊ ၂၀၀၉

(၁၆) ကဗျာဆရာကြီး (ဦး) တင်မိုး – မြန်မာ့ဘဝ၊ မြန်မာ့ဝန်းကျင်နှင့် မြန်မာ့ကဗျာ စာတမ်း၊ ၂၀၁၀

(၁၇) အောင်ဝေး – အရေးတော်ပုံရင်ခုန်သူများ အာရ်အက်ဖ်အေ ရေဒီယို ဆောင်းပါးများ၊ ၂၀၁၀

(၁၈) မိုးမခမီဒီယာ – ဟံသာဝတီ ဦးဝင်းတင်နဲ့ မေးခွန်းများ၊ ၂၀၁၀

(၁၉) မောင်မောင်ဝမ်း – ဒေါ်အောင်ဆန်းစုကြည်၏ နလုံးသားပုံရိပ်များ၊ ၂၀၁၁

(၂၀) စု ၆၆ – ဒေါ်အောင်ဆန်းစုကြည် ၆၆ နှစ်မြောက်မွေးနေ့ အမှတ်တရ၊ ၂၀၁၁

### ယခု

(၂၁) ကဗျာဆရာ တင်မိုး – မြန်မာကဗျာဖွဲ့နည်း